# ဓမ္မခန္ဓာ (၁၁) “ဟု–ဒ်”

ဥဇ္ဇာစဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၂။ သုတ်ဒေသနာ– ၁၂၃ ပါး။

ဦးဖြေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။<br><br>✡ ၁၀း၁ | الَر كِتَابٌ أُحْكِمَتْ آيَاتُهُ ثُمَّ فُصِّلَتْ مِن لَّدُنْ حَكِيمٍ خَبِيرٍ ۞<br>အလက်ဖ်၊လမ်၊ရာ✡ ဤသည် ဓမ္မသတ်ရှင်၊ သတင်းသိနေသော အရှင့်ထံတော်မှ ရှင်းလင်းဆုံးဖြတ်ချက် သုတ်ဒေသနာများဖြင့် ဥပဒေ ကျမ်းတော် ဖြစ်၏။ |
| ၂။ | أَلاَّ تَعْبُدُواْ إِلاَّ اللّهَ إِنَّنِي لَكُم مِّنْهُ نَذِيرٌ وَبَشِيرٌ ۞<br>ပရမတ်ဘုရားရှင်မှ အပ မကိုးကွယ်ကြလင့်၊ ကျွန်ုပ်သည် အရှင့်ထံမှ သင်တို့အဘို့ သတိပေးသူ၊ သတင်းကောင်း ပါးသူပင် ဖြစ်၏။ |
| ၃။ | وَأَنِ اسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ يُمَتِّعْكُم مَّتَاعًا حَسَنًا إِلَى أَجَلٍ مُّسَمًّى وَيُؤْتِ كُلَّ ذِي فَضْلٍ فَضْلَهُ وَإِن تَوَلَّوْاْ فَإِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيرٍ ۞<br>သင်တို့၏ ကံကြမ္မာရှင်ထံ၌ လွတ်ငြိမ်းဆုများပန်ကြလော့၊ ထို့နောက် အရှင့်ထံသို့ ခဝါချကြလော့၊ အရှင်သည် သတ်မှတ်အချိန်ထိ သင်တို့အား တင့်တယ်သော ချမ်းမြေ့မှုကို ဖြည့်ဆီးတော်မူလတ္တံ့။ သိက္ခာပေးတတ်သူတိုင်းအား သိက္ခာ ပြန်ပေးခြင်း ခံရလတ္တံ့။ အကယ်၍ လှည့်သွားကြလျှင်၊ ကျွန်ုပ်သည် အသင်တို့အတွက် ဝဋ်ကြွေးသင့်မည့် နေ့တော်ကြီးအား စိုးရိမ်လှချေ၏။ |
| ၄။ | إِلَى اللهِ مَرْجِعُكُمْ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ ۞<br>သင်တို့ အပြန်ခရီးသည် ပရမတ်ဘုရားရှင်ထံသို့သာ ဖြစ်၏၊ အရှင်သည် သဗ္ဗလုံးစုံအား စည်းချိန်ချမှတ်တော်မူ၏။ |
| ၅။ | أَلا إِنَّهُمْ يَثْنُونَ صُدُورَهُمْ لِيَسْتَخْفُواْ مِنْهُ أَلا حِينَ يَسْتَغْشُونَ ثِيَابَهُمْ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ ۞<br>အရှင့်ထံမှ ထိန်ဝှက်ရန် အလို့ငှာ သူတို့၏ ရင်ဘတ်များကို နှစ်ခေါက်ချိုးထားကြကုန်၏။[၅၃၉] သူတို့ကိုယ် သူတို့ ခြုံထည်ဖြင့် လွှမ်းခြုံစဉ်ကာလ၊ အရှင်သည် သူတို့၏ ကြိတ်ကြံစည်ရာ၊ လူသိရှင်ကြားပြုရာများကို သိနေတော်မူ၏၊ အရှင်သည် ရင်တွင်း ခံစားချက်များ အားဖြင့် သိနေသော အရှင် ဖြစ်၏။ |
| ၆။ | وَمَا مِن دَآبَّةٍ فِي الأَرْضِ إِلاَّ عَلَى اللهِ رِزْقُهَا وَيَعْلَمُ مُسْتَقَرَّهَا وَمُسْتَوْدَعَهَا كُلٌّ فِي كِتَابٍ مُّبِينٍ ۞<br>ဤလောကဌ် ရိက္ခာအတွက် ပရမတ်ဘုရားရှင်အား မတည်မှီရသော သတ္တဝါဟူ၍ မရှိချေ။ အရှင်သည် ၎င်း၏ တည်ငြိမ်စွာနေခြင်း ကင်းရှင်းစွာနေခြင်းကို သိနေတော်မူ၏၊ ခပ်သိမ်းကုန်သည် ရှင်းလင်းထင်ရှားသော မှတ်တမ်း၌ ရှိ၏။ |

---

(၅၃၉) ယာ့စ်နူးန ဆိုဒူးရ်– صُدُور يَثْنُونَ သူတို့၏ ရင်ဘတ်များကို ခေါက်ထားကြ၏ ဟူသည် သူတို့သည် လျှို့ဝှက်ကြံစည်နေသည် ဟု ဆိုလိုသည်။

| | |
|---|---|
| ၇။<br><br>✡ ၁၀း၃ | وَهُوَ الَّذِي خَلَق السَّمَاوَاتِ وَالأَرْضَ فِي سِتَّةِ أَيَّامٍ وَكَانَ عَرْشُهُ عَلَى الْمَاء لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلاً وَلَئِن قُلْتَ إِنَّكُم مَّبْعُوثُونَ مِن بَعْدِ الْمَوْتِ لَيَقُولَنَّ الَّذِينَ كَفَرُواْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ ۞<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေ၏၊ အရှင်၏ ထပ်ဆင့်ကွပ်ကဲမှုကို✡ ရေသို့ လွှမ်းစေ၏။[၅၄၀] ယင်းမှာ သင်တို့အနက်မှ သုမင်္ဂလာ ကျင့်ကြံမှုအား စစ်ဆေးသိရှိရန် အလို့ငှာ ဖြစ်၏။ သို့သော် "သင်တို့သည် သေပြီးနောက် ပြန်လည် နိုးထရမည်"ဟု သင် ပြောသောအခါ၊ ဖုံးကွယ်သော သူများက "ဤသည် ရှင်းလင်းထင်ရှားသော မှော်အတတ်ပင်တည်း၊"ဟု ဆိုကြလတ္တံ့။ |
| ၈။<br><br>၈း၃၃ | وَلَئِنْ أَخَّرْنَا عَنْهُمُ الْعَذَابَ إِلَى أُمَّةٍ مَّعْدُودَةٍ لَّيَقُولُنَّ مَا يَحْبِسُهُ أَلاَ يَوْمَ يَأْتِيهِمْ لَيْسَ مَصْرُوفاً عَنْهُمْ وَحَاقَ بِهِم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ ۞<br>ငါက အသိုင်းအဝိုင်း တစ်ခုအား သူတို့နှင့် စပ်လျဉ်းသည့် ဝဋ်ကြွေးကို တွက်ချက်ထားသည့် အချိန်ထိ နောက်ဆုတ်ထားတော်မူလျှင်၊ "မည်သည်က ချုပ်ထိန်းထားသနည်း၊"ဟု မေးကြလတ္တံ့။ အမှန်စင်စစ် သူတို့ထံသို့ ဆိုက်ရောက်လာသော နေ့ကာလ၌၊ ၎င်းတို့အား ဘက်ပြန်နိုင်သူ မရှိချေ၊ သူတို့၏ လှောင်ပြောင်လေ့ ရှိသော အရာသည် သူတို့အား ပိတ်ဖုံးစေလိမ့်မည်။ |
| ၉။ | وَلَئِنْ أَذَقْنَا الإِنْسَانَ مِنَّا رَحْمَةً ثُمَّ نَزَعْنَاهَا مِنْهُ إِنَّهُ لَيَئُوسٌ كَفُورٌ ۞<br>လူသားအား ငါ၏ ကရုဏာတော်ကို မြည်းစမ်းစေပြီး၊ ထို့နောက် ၎င်းကို သူ့ထံမှ ဖယ်ပစ်သောအခါ၊ သူသည် လက်လျှော့၍၊ ဖုံးကွယ်တော့၏။ |
| ၁၀။ | وَلَئِنْ أَذَقْنَاهُ نَعْمَاء بَعْدَ ضَرَّاء مَسَّتْهُ لَيَقُولَنَّ ذَهَبَ السَّيِّئَاتُ عَنِّي إِنَّهُ لَفَرِحٌ فَخُورٌ ۞<br>သူ့အား ဒုက္ခ ထိသက်ပြီးနောက် ဂုဏ်ရှိခြင်းကို မြည်းစေသောအခါ၊"အကုသိုလ်များသည် ကျွန်ုပ်အား မယှဉ်သွားနိုင်ပေ၊"ဟု ရင့်ကျူးလျှက် အူမြူး ကြွားဝါတော့၏။ |
| ၁၁။ | إِلاَّ الَّذِينَ صَبَرُواْ وَعَمِلُواْ الصَّالِحَاتِ أُوْلَئِكَ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ ۞<br>သို့သော် သည်းခံလျှက်၊ ပြုပြင်မှု ကျင့်ကြံသောသူများမှာ ထိုသို့မဟုတ်။ ထိုသူများအတွက် လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော အကျိုးဆုလဒ်ရှိနေ၏။ |
| ၁၂။<br><br>✡ ၂း၃၀ | فَلَعَلَّكَ تَارِكٌ بَعْضَ مَا يُوحَى إِلَيْكَ وَضَآئِقٌ بِهِ صَدْرُكَ أَن يَقُولُواْ لَوْلاَ أُنزِلَ عَلَيْهِ كَنزٌ أَوْ جَاء مَعَهُ مَلَكٌ إِنَّمَا أَنتَ نَذِيرٌ وَاللّهُ عَلَى كُلِّ شَيْءٍ وَكِيلٌ ۞<br>"သူ့အပေါ် ရတနာမိုး အဘယ်ကြောင့် မသွန်းဖြိုးသနည်း၊ သို့မဟုတ် သူနှင့်အတူ နတ်ဒေဝတာတစ်ပါး✡ အဘယ်ကြောင့် မရောက်လာစေသနည်း၊"ဟု ဆိုခြင်းကြောင့်၊ သင့်ထံသို့ အာရုံစျာန်ပေးရာမှ အချို့ကို ချန်ထားနိုင်ရာ၏၊ သင့်ရင်ကို ကျပ်တည်းစေရာ၏။ အသင်သည် သတိပေးသူမျှသာ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား သဗ္ဗလုံးစုံ ကိုးစားခံထိုက်သည့် အရှင် ဖြစ်၏။ |

(၅၄၀) ဤကမ္ဘာဂြိုလ်နှင့် ဆက်စပ်နေသော နေမိသားစုကို အချိန်ကာလ ၆ ကာလ ပိုင်းခြား၍ ဖြစ်တည်စေသည်ဟု ကျမ်းတော်က မကြာခဏ ဖေါ်ပြသည် (၇း၅၄။ ၁၀း၃။ ၁၃း၂။ ၂၀း၅။ ၂၅း၅၉။ ၃၂း၄)။ ဤတွင် ကမ္ဘာမြေက သက်ရှိအား လက်ခံနိုင်သည့် အပိုင်းအခြား၊ သက်ရှိများ ဆက်၍ ဖွံ့ဖြိုးစေသည့် အပိုင်းအခြားများ ပါဝင်ပေသည်။ ကမ္ဘာ၏ မိသားစုဝင် ဂြိုလ်များကို ကာလ ၂ ခုဖြင့် ဖြစ်တည်စေသည် (၄၁း၁၂)။ အာကာသသည် မူလက ဓါတ်ငွေ့ထုကြီး ဖြစ်ခဲ့သည် (၄၁း၁၁)။ ကမ္ဘာနှင့် အခြားဂြိုလ်များသည် တစ်ပေါင်းတည်း ရှိခဲ့ရာမှ ပေါက်ကွဲ လွင့်စင် ဖြစ်တည်လာခြင်း ဖြစ်သည် (၂၁း၃၀)။ ထိုသို့ အဆင့်ဆင့် ဖြစ်တည် လာရန် ကာလ(၆) ခု ကြာသည်ဟု ကျမ်းတော်က ဆိုပြီး၊ သက်ရှိများသည် ဖြစ်တည်ရန် ရေသည် မရှိမဖြစ်လိုသည် ဟု ဆိုသည်(၂၁း၃၀) ထို့ကြောင့် ကမ္ဘာဂြိုလ်၏ ဖြစ်တည်မှု အခန်းကဏ္ဍတွင် ရေသည် သက်ရှိများအတွက် အဓိက အကျဆုံးဖြစ်၍၊ "ထပ်ဆင့်ကွပ်ကဲမှုကို ရေသို့ လွှမ်းစေ၏" ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အာကာသနှင့် ဂြိုလ်များ၏ ဖြစ်တည် ဆက်စပ်မှုကို (၂း၂၇) တွင် ကြည့်ပါ။

| | |
|---|---|
| ၁၃။<br><br>ကုရ်<br>အာန်<br>၂း၂၃ | **أَمْ يَقُولُونَ افْتَرَاهُ قُلْ فَأْتُواْ بِعَشْرِ سُوَرٍ مِّثْلِهِ مُفْتَرَيَاتٍ وَادْعُواْ مَنِ اسْتَطَعْتُم مِّن دُونِ اللّهِ إِن كُنتُمْ صَادِقِينَ۞**<br>သို့တည်းမဟုတ် "သူသည် **ဤသည်**ကို လုပ်ကြံဖန်တီးထား၏"ဟု ဆိုကြ သူတို့အား၊ "အသင်တို့သည် **ဤကဲ့သို့** ဓမ္မခန္ဓာ ဆယ်ပါးကို လုပ်ကြံဖန်တီးယူလာပြလော့၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ထို့အတွက် ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့တတ်နိုင်သူများကို ခေါ်ခဲ့ကြလော့၊"ဟု ပြောလော့။ |
| ၁၄။ | **فَإِن لَّمْ يَسْتَجِيبُواْ لَكُمْ فَاعْلَمُواْ أَنَّمَا أُنزِلِ بِعِلْمِ اللّهِ وَأَن لاَّ إِلَـهَ إِلاَّ هُوَ فَهَلْ أَنتُم مُّسْلِمُونَ۞**<br>သူတို့သည် တုန့်ပြန်နိုင်ခြင်း မရှိလျှင်၊ ဤသည် ပရမတ်ဘုရားရှင်က အသိပညာဖြင့် ချမှတ်ပေးခြင်းဖြစ်၍၊ အရှင်မှအပ အခြားဘုရားဟူ၍ မရှိကြောင်း သူတို့အား အသိပေးလျက် "သင်တို့သည် ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြ မည်လော၊"ဟု မေးမြန်းလော့။ |
| ၁၅။ | **مَن كَانَ يُرِيدُ الْحَيَاةَ الدُّنْيَا وَزِينَتَهَا نُوَفِّ إِلَيْهِمْ أَعْمَالَهُمْ فِيهَا وَهُمْ فِيهَا لاَ يُبْخَسُونَ۞**<br>ဤလောကီဘဝအား လိုလားလျက်၊ စွဲမက်ခြင်း ရှိသူတို့အား၊ သူတို့၏ ကျင့်ကြံမှု လုပ်အားခကို ပြီးပြည့်စေလတ္တံ့၊ လုံးဝလျော့ပေါ့ခြင်း မရှိစေရ။ |
| ၁၆။ | **أُوْلَئِكَ الَّذِينَ لَيْسَ لَهُمْ فِي الآخِرَةِ إِلاَّ النَّارُ وَحَبِطَ مَا صَنَعُواْ فِيهَا وَبَاطِلٌ مَّا كَانُواْ يَعْمَلُونَ۞**<br>ထိုသို့သော သူများ၏ အတွက် နောင်ဘဝတွင် အပူမီးမှအပ အခြား မရှိချေ။ သူတို့၏ တည်ဆောက်မှုများသည် အချိးနှီးသာ ဖြစ်၍၊ သူတို့၏ ကျင့်ကြံလေ့ရှိရာများကြောင့် အမှားချည်းသာ ဖြစ်ရ၏။ |
| ၁၇။<br><br>ကုရ်<br>အာန်<br>ကျမ်း | **أَفَمَن كَانَ عَلَى بَيِّنَةٍ مِّن رَّبِّهِ وَيَتْلُوهُ شَاهِدٌ مِّنْهُ وَمِن قَبْلِهِ كِتَابُ مُوسَى إَمَامًا وَرَحْمَةً أُوْلَـئِكَ يُؤْمِنُونَ بِهِ وَمَن يَكْفُرْ بِهِ مِنَ الأَحْزَابِ فَالنَّارُ مَوْعِدُهُ فَلاَ تَكُ فِي مِرْيَةٍ مِّنْهُ إِنَّهُ الْحَقُّ مِن رَّبِّكَ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يُؤْمِنُونَ۞**<br>သူသည် ကံကြမ္မာရှင်၏ထံမှ ရှင်းလင်းချက်ပေးသော **အရာ**ပေါ်၌ ရှိသူဖြစ်သလော၊ **၎င်း**ကို အရှင့်ထံမှ သက်သေ တစ်ပါးမှ ရွတ်ဖတ်ပြ၏။ **ဤ** ရှေ့အလျှင်က ရှေ့ဆောင်လမ်းပြနှင့် ကရုဏာတော်ဖြစ်သည့် မူဆာ၏ ကျမ်းတော်တစ်ပါး ရှိ၏။ သူတို့သည် ထိုကျမ်း၌ ယုံကြည်ကြ၏။ ဂိုဏ်းအမျိုးမျိုးမှ ကျမ်းတော်အား ဖုံးကွယ်သူတို့အတွက် အပူမီးသည် ကတိဖြစ်၏။ ထို့ကြောင့် **ထို၌** အချင်းမများကြနှင့်။ ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားပင် ဖြစ်၏။ သို့သော် လူသား အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၈။ | **وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أُوْلَـئِكَ يُعْرَضُونَ عَلَى رَبِّهِمْ وَيَقُولُ الأَشْهَادُ هَؤُلاء الَّذِينَ كَذَبُواْ عَلَى رَبِّهِمْ أَلاَ لَعْنَةُ اللّهِ عَلَى الظَّالِمِينَ۞**<br>ပရမတ်ဘုရားရှင်နှင့် စပ်လျဉ်း၍ လုပ်ကြံဖန်တီး လိမ်လည်သူထက် မည်သူက ပို၍ အမိုက်စီးဘိသနည်း၊ သူတို့သည် ကံကြမ္မာရှင်၏ ဘောင်တွင်းမှဖြစ်ရလတ္တံ့။ ထိုအခါ သက်သေများက "ဤသူတို့သည် ကံကြမ္မာရှင်နှင့် စပ်လျဉ်း၍ လိမ် လည်သောသူများ ဖြစ်ကြ၏၊"ဟု ထွက်ဆိုကြ၍။ အမိုက်ကောင်များအား ပရမတ်ဘုရားရှင်၏ ထံမှ မေတ္တာဝေးစေပြီ။ |
| ၁၉။ | **الَّذِينَ يَصُدُّونَ عَن سَبِيلِ اللّهِ وَيَبْغُونَهَا عِوَجًا وَهُم بِالآخِرَةِ هُمْ كَافِرُونَ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်မှ ဖယ်ခိုင်းကြ၏။ ၎င်းအား ကောက်ကျစ်ခြင်းကို ရှာဖွေကြ၏။ နောင် ဘဝကိုလည်း ဖုံးကွယ်များ ဖြစ်ကြ၏။ |
| ၂၀။ | **أُولَـئِكَ لَمْ يَكُونُواْ مُعْجِزِينَ فِي الأَرْضِ وَمَا كَانَ لَهُم مِّن دُونِ اللّهِ مِنْ أَوْلِيَاء يُضَاعَفُ لَهُمُ الْعَذَابُ مَا** |

| | |
|---|---|
| | **كَانُواْ يَسْتَطِيعُونَ السَّمْعَ وَمَا كَانُواْ يُبْصِرُونَ۞**<br>သူတို့က ကမ္ဘာ၌ ချိနဲ့စေနိုင်သူများ မဟုတ်၊ ပရမတ်ဘုရားရှင် မှလွဲ၍ မဟာမိတ်များလည်း မရှိချေ။ သူတို့အတွက် ဝဋ်ကြွေးကို နလံထူစေ၏။ သူတို့သည် ကြားရန် တတ်နိုင်ခြင်း မရှိကြ။ အမြင်လည်း မရှိကြချေ။ |
| ၂၁။ | **أُوْلَئِكَ الَّذِينَ خَسِرُواْ أَنفُسَهُمْ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۞**<br>သူတို့သည် မိမိတို့၏ ဉာဉ်စရိုက်ကိုသာ ဆုံးရှုံးစေသူများ ဖြစ်၏။ သူတို့၏ လုပ်ကြံဖန်တီးလေ့ ရှိသည်များက သူတို့အား လွှဲဖယ်သွားကြပြီ။ |
| ၂၂။ | **لاَ جَرَمَ أَنَّهُمْ فِي الآخِرَةِ هُمُ الأَخْسَرُونَ۞**<br>ရာဇဝတ်မှုမပြုကြလင့်၊ သူတို့သည် နောင်ဘဝ၌ ဆုံးရှုံးမှု ကြီးသူများ ဖြစ်ကြ၏။ |
| ၂၃။ | **إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ وَأَخْبَتُواْ إِلَى رَبِّهِمْ أُوْلَئِكَ أَصْحَابُ الجَنَّةِ هُمْ فِيهَا خَالِدُونَ۞**<br>ယုံကြည်လျက် ပြုပြင်မှုကို ကျင့်ကြံကာ၊ ကံကြမ္မာရှင်၏ ထံတော်သို့ နှိမ့်ချခြင်းများစွာ ရှိသူ– ထိုသူတို့သည် သုခဘုံ၏ ပေါင်းဖေါ်များ ဖြစ်ကြ၍၊ ထို၌ ကာလမဲ့စံစားရမည်ပင်။ |
| ၂၄။ | **مَثَلُ الْفَرِيقَيْنِ كَالأَعْمَى وَالأَصَمِّ وَالْبَصِيرِ وَالسَّمِيعِ هَلْ يَسْتَوِيَانِ مَثَلاً أَفَلاَ تَذَكَّرُونَ۞**<br>အဖွဲ့နှစ်ခု၏ ပမာသည်ကား၊ ကန်းသူ ပင်းသူများနှင့်၊ မြင်သူ ကြားသူများ ကဲ့သို့ ဖြစ်၏၊ သူတို့၏ ပမာသည် တူညီကြသလော၊ သို့ဖြစ်လျှင် သင်တို့သည် ဆင်ခြင်သတိ ရှိကြမည်မဟုတ်လော။– |
| ၂၅။<br>✡ ၃း၃၃ | **وَلَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ إِنِّي لَكُمْ نَذِيرٌ مُّبِينٌ۞**<br>ငါသည် နူးဟ်ကို✡ သူ့ လူမျိုးထံသို့ စေပို့လျက် "ကျွန်ုပ်သည် သင်တို့အတွက် ရှင်းလင်းထင်ရှားသော သတိပေးသူပင်– |
| ၂၆။ | **أَن لاَّ تَعْبُدُواْ إِلاَّ اللّهَ إِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ أَلِيمٍ۞**<br>–သင်တို့သည် ပရမတ်ဘုရားမှအပ အခြားကို မကိုးကွယ်ကြနှင့်၊ ကျွန်ုပ်သည် သင်တို့အတွက် စူးနစ်နာကျင်သော နေ့ကာလ၏ ဝဋ်ကြွေးကို စိုးရိမ်၏၊"ဟု ဟောစေ၏။ |
| ၂၇။ | **فَقَالَ الْمَلأُ الَّذِينَ كَفَرُواْ مِن قِوْمِهِ مَا نَرَاكَ إِلاَّ بَشَرًا مِّثْلَنَا وَمَا نَرَاكَ اتَّبَعَكَ إِلاَّ الَّذِينَ هُمْ أَرَاذِلُنَا بَادِيَ الرَّأْيِ وَمَا نَرَى لَكُمْ عَلَيْنَا مِن فَضْلٍ بَلْ نَظُنُّكُمْ كَاذِبِينَ۞**<br>သူ့လူမျိုးမှ ဖုံးကွယ်သော အကြံပေးများက "သင်သည် ကျွန်ုပ်တို့ကဲ့သို့ လူပုဂ္ဂိုလ်မျှသာ ဖြစ်သည်ကို မြင်ရ၏။ ကျွန်ုပ်တို့ အနက် ဉာဏ်နိမ့်သည်ဟု မြင်ရသောသူများသာ သင့်အား လိုက်နာသည်ကို မြင်ရ၏။ သင့်၌ ကျွန်ုပ်တို့ထက် ပေါ်လွင်သော သိက္ခာကို မြင်ရသည် မရှိ၊ သင်တို့သည် လူလိမ်များ ဟုသာ ကျွန်ုပ်တို့ စဉ်းစားမိ၏၊"ဟု ဆိုကြ၏။ |
| ၂၈။ | **قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَى بَيِّنَةٍ مِّن رَّبِّيَ وَآتَانِي رَحْمَةً مِّنْ عِندِهِ فَعُمِّيَتْ عَلَيْكُمْ أَنُلْزِمُكُمُوهَا وَأَنتُمْ لَهَا كَارِهُونَ۞**<br>သူက ပြောသည်မှာ "အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်ပေါ်၌ ရှိသည်ကို အသင်တို့ မမြင်မိသလော၊ ကျွန်ုပ်သည် အရှင့်ထံမှ ကရုဏာတော်ကို ဆောင်ခဲ့၏ သို့သော် အသင်တို့ စုံလုံးကန်းနေကြ၏၊ သင်တို့က ၎င်းအား မုန်တီးသောအခါ၊ ကျွန်ုပ်က အသင်တို့အား တွန်းအားပေးနိုင်သလော။– |
| ၂၉။ | **وَيَا قَوْمِ لا أَسْأَلُكُمْ عَلَيْهِ مَالاً إِنْ أَجْرِيَ إِلاَّ عَلَى اللّهِ وَمَآ أَنَاْ بِطَارِدِ الَّذِينَ آمَنُواْ إِنَّهُم مُّلاَقُو رَبِّهِمْ وَلَكِنِّيَ أَرَاكُمْ قَوْمًا تَجْهَلُونَ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံမှ ထို့အတွက် ဥစ္စာပစ္စည်း တောင်းခံခြင်း မရှိချေ။ ကျွန်ုပ်အတွက် |

| | |
|---|---|
| | အကျိုးဆုလဒ်မှာ ပရမတ်ဘုရားရှင်၏ ထံ၌ ရှိ၏။ ကျွန်ုပ်သည် ယုံကြည်သောသူတို့အား မောင်းထုတ်မည် မဟုတ်။ သူတို့သည် ကံကြမ္မာရှင်အား ဖူးတွေ့ရလတ္တံ့။ သင်တို့သည် ပညာမဲ့ လူမျိုး ဖြစ်ကြောင်း ကျွန်ုပ်မြင်ရ၏။– |
| ၃၀။ | وَيَا قَوْمِ مَن يَنصُرُنِي مِنَ اللهِ إِن طَرَدتُّهُمْ أَفَلاَ تَذَكَّرُونَ۞<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သူတို့အား မောင်းထုတ်ပစ်လျှင်၊ ကျွန်ုပ်အား ပရမတ်ဘုရားရှင်ထံ၌ မည်သူက ကူညီမည်နည်း၊ သင်တို့သည် ဆင်ခြင်သတိ ရှိကြမည်မဟုတ်လော။– |
| ၃၁။<br>☆၂း၃၀ | وَلاَ أَقُولُ لَكُمْ عِندِي خَزَآئِنُ اللهِ وَلاَ أَعْلَمُ الْغَيْبَ وَلاَ أَقُولُ إِنِّي مَلَكٌ وَلاَ أَقُولُ لِلَّذِينَ تَزْدَرِي أَعْيُنُكُمْ لَن يُؤْتِيَهُمُ اللهُ خَيْرًا اللهُ أَعْلَمُ بِمَا فِي أَنفُسِهِمْ إِنِّي إِذًا لَّمِنَ الظَّالِمِينَ۞<br>–ကျွန်ုပ်ထံ၌ ပရမတ်ဘုရားရှင်၏ ဘဏ္ဍာများသည် ရှိသည်ဟု၊ မျက်ကွယ်ကို သိသည်ဟု မပြောခဲ့ချေ။ ကျွန်ုပ်သည် နတ်ဒေဝတာတစ်ပါးဖြစ်သည်☆ ဟုလည်း မပြောခဲ့ပေ။ အသင်တို့မျက်လုံးများ၌ အဘက်မတန်ဟု မြင်သောသူများကို ပရမတ်ဘုရားရှင်က ကောင်းကျိုးဆုလဒ် ပေးလိမ့်မည်မဟုတ်ဟု ကျွန်ုပ် မဆိုပေ။ ပရမတ်ဘုရားရှင်သည် သူတို့၏ ဉာဉ်စရိုက်ကို အသိဆုံး ဖြစ်တော်မူ၏၊ သို့မဟုတ်က ကျွန်ုပ်သည် အမိုက်ကောင်များမှ ဖြစ်သွားချေမည်၊''ဟု ဖြစ်၏။ |
| ၃၂။ | قَالُواْ يَا نُوحُ قَدْ جَادَلْتَنَا فَأَكْثَرْتَ جِدَالَنَا فَأْتِنَا بِمَا تَعِدُنَا إِن كُنتَ مِنَ الصَّادِقِينَ۞<br>သူတို့က ''အို– နူးဟ်၊ အသင်သည် ကျွန်ုပ်တို့အား စောဒကတက်၏။ စောဒက များစွာတက်၏။ သင်သည် ဖြောင့်မှန်သူများမှ ဖြစ်လျှင် သင်၏ ကတိကို ပေးရောက်စေလော့၊''ဟု ဆိုကြ၏။ |
| ၃၃။ | قَالَ إِنَّمَا يَأْتِيكُم بِهِ اللهُ إِن شَاء وَمَا أَنتُم بِمُعْجِزِينَ۞<br>ထိုအခါ သူပြန်ပြောသည်မှာ ''ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်လျှင်၊ အရှင်သည် ၎င်းအား သင်တို့ထံသို့ ပေးရောက်လိမ့်မည်။ ၎င်းကို သင်တို့ ချိုးနှိမ်စေနိုင်မည် မဟုတ်ချေ။ |
| ၃၄။ | وَلاَ يَنفَعُكُمْ نُصْحِي إِنْ أَرَدتُّ أَنْ أَنصَحَ لَكُمْ إِن كَانَ اللهُ يُرِيدُ أَن يُغْوِيَكُمْ هُوَ رَبُّكُمْ وَإِلَيْهِ تُرْجَعُونَ۞<br>သင်တို့အပေါ် ကျွန်ုပ် စိတ်ထားဖြူစင်သော်လည်း ပရမတ်ဘုရားရှင်က သင်တို့အား တိမ်းပါးနေခြင်း၌ ပစ်ထားတော်မူလိုလျှင်၊ ကျွန်ုပ်၏ ဖြူစင်မှုသည် သင်တို့အတွက် အကျိုးထူးမည် မဟုတ်ချေ။ အရှင်သည် သင်တို့၏ ကံကြမ္မာရှင်ဖြစ်၍၊ အရှင့်ထံ သို့သာ သင်တို့ ဦးလှည့်ရမည်ပင်၊''ဟု ဖြစ်၏။ |
| ၃၅။<br>ဓမ္မ | أَمْ يَقُولُونَ افْتَرَاهُ قُلْ إِنِ افْتَرَيْتُهُ فَعَلَيَّ إِجْرَامِي وَأَنَاْ بَرِيءٌ مِّمَّا تُجْرَمُونَ۞<br>သို့တည်းမဟုတ် သူတို့က ''**၎င်း**ကို သူက လုပ်ကြံဖန်တီး၏''ဟု ပြောကြလျှင်၊ ဟောလော့ ''ကျွန်ုပ်သာ လုပ်ကြံဖန်တီးလျှင်၊ ကျွန်ုပ်၏ ရာဇဝတ်မှုဖြစ်၏၊ အသင်တို့၏ ရာဇဝတ်မှုပြုခြင်းနှင့်ကား ကျွန်ုပ် ကင်းရှင်း၏။'' |
| ၃၆။ | وَأُوحِيَ إِلَى نُوحٍ أَنَّهُ لَن يُؤْمِنَ مِن قَوْمِكَ إِلاَّ مَن قَدْ آمَنَ فَلاَ تَبْتَئِسْ بِمَا كَانُواْ يَفْعَلُونَ۞<br>နူးဟ်ထံသို့ အာရုံဈာန်ဖြစ်စေသည်မှာ ''ယုံကြည်ပြီးသူမှအပ အခြားသော သင့်လူမျိုးများသည် ယုံကြည်လာကြမည် မဟုတ်ချေ။ သူတို့၏ ပြုလုပ်လေ့ရှိရာများကြောင့် အမင်္ဂလာမဖြစ်စေနှင့်။ |
| ၃၇။ | وَاصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا وَلاَ تُخَاطِبْنِي فِي الَّذِينَ ظَلَمُواْ إِنَّهُم مُّغْرَقُونَ۞<br>ငါ အာရုံဈာန်ဖြစ်စေသည့် အတိုင်း သင်္ဘောတစ်စီးအား ငါ့ မျက်လုံးရှေ့၌ တည်ဆောက်လော့၊ မိုက်ကြေးခွဲသောသူများ အတွက် မလျှောက်တင်လင့်၊ သူတို့အား နစ်မြုပ်စေလတ္တံ့။ |
| ၃၈။ | وَيَصْنَعُ الْفُلْكَ وَكُلَّمَا مَرَّ عَلَيْهِ مَلأٌ مِّن قَوْمِهِ سَخِرُواْ مِنْهُ قَالَ إِن تَسْخَرُواْ مِنَّا فَإِنَّا نَسْخَرُ مِنكُمْ كَمَا تَسْخَرُونَ۞<br>သူသည် သင်္ဘောတစ်စီးအား တည်ဆောက်နေစဉ်၊ သူ့အပါးမှ ဖြတ်ကျော်သွားတိုင်း သူ့လူမျိုးမှ အကြံပေးများက |

| | |
|---|---|
| | သူ့အား ပျက်ရယ်ပြုကြ၏။ သူက ပြောသည်မှာ “သင်တို့သည် ကျွန်ုပ်အား ပျက်ရယ်ပြုကြ၏၊ သင်တို့ ပျက်ရယ်ပြုသည့် နည်းတူ ကျွန်ုပ်လည်း သင်တို့အား ပျက်ရယ်ပြု၏၊– |
| ၃၉။<br><br>မကျွတ်လွတ် | **فَسَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيمٌ۞**<br>–အရှက်ရစေသော ဝဋ်ကြွေးသည် မည်သူ့အား ထိသက်သည်ကို မကြာမီ သင်တို့ သိကြရလတ္တံ့၊ ၎င်းသည် သူ့အပေါ်၌ တရားဝင် **မြဲမြံတည်တံ့**သော ဝဋ်ကြွေး ဖြစ်၏။” |
| ၄၀။<br><br>သင်္ဘော | **حَتَّى إِذَا جَاء أَمْرُنَا وَفَارَ التَّنُّورُ قُلْنَا احْمِلْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلاَّ مَن سَبَقَ عَلَيْهِ الْقَوْلُ وَمَنْ آمَنَ وَمَا آمَنَ مَعَهُ إِلاَّ قَلِيلٌ۞**<br>ငါ၏ ညွှန်ကြားချက် ရောက်လာ၍ တောင်ကြားမှ ရေများ ပွက်လောရိုက်လာသည့်တိုင်[၅၄၁] “သင်၏ ဝိုင်းသားများ အနက် ငါ ကြိုတင်သတ်မှတ်ပြောပြီးသူမှ အပ၊ အစုဖွဲ့နှစ်ခုစီမှ၊[၅၄၂] ယုံကြည်သူများကိုသာ **ထို**အပေါ်၌ သယ်ဆောင်လော့၊”ဟု ငါ မိန့်၏။ သူနှင့်အတူ ယုံကြည်သူများကား နည်းပါးလှချေ၏။ |
| ၄၁။ | **وَقَالَ ارْكَبُواْ فِيهَا بِسْمِ اللّهِ مَجْرَاهَا وَمُرْسَاهَا إِنَّ رَبِّي لَغَفُورٌ رَّحِيمٌ۞**<br>သူက “ကုန်းပတ်ပေါ်သို့ တက်ကြလော့၊ ၎င်း၏ စီးမျောခြင်း၊ ကျောက်ချခြင်းသည် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် ဖြစ်စေလော့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်ပေ၏၊”ဟု ဆို၏။ |
| ၄၂။<br><br>ရေယာဉ် | **وَهِيَ تَجْرِي بِهِمْ فِي مَوْجٍ كَالْجِبَالِ وَنَادَى نُوحٌ ابْنَهُ وَكَانَ فِي مَعْزِلٍ يَا بُنَيَّ ارْكَب مَّعَنَا وَلاَ تَكُن مَّعَ الْكَافِرِينَ۞**<br>**၎င်း**သည် တောင်လုံးပမာ လှိုင်းတံပိုး၌ စီးမျောနေစဉ်၊ နူးဟ်က ရှောင်ခွာခံနေရသော သူ့၏သားအား “အို–ချစ်သား ကျွန်ုပ်တို့နှင့်အတူ ကုန်းပတ်ပေါ်သို့ တက်လော့၊ ဖုံးကွယ်သူများ၌ မပါဝင်နှင့်၊”ဟု ဟစ်အော်၏။ |
| ၄၃။ | **قَالَ سَآوِي إِلَى جَبَلٍ يَعْصِمُنِي مِنَ الْمَاء قَالَ لاَ عَاصِمَ الْيَوْمَ مِنْ أَمْرِ اللّهِ إِلاَّ مَن رَّحِمَ وَحَالَ بَيْنَهُمَا الْمَوْجُ فَكَانَ مِنَ الْمُغْرَقِينَ۞** |

---

(၅၄၁) အစ္စလာမ်သာသနာဝင်များ မဟုတ်သည့် ဆေးလ်၊ ပါလ်မာနှင့် ရော့ဒ်ဝဲလ်တို့၏ ဘာသာပြန်များကို မှီး၍ ထပ်ဆင့် ဘာသာပြန်သူများက **فَارَ التَّنُّورُ** ကို မုန့်ဖိုတွင်းမှ ရေပန်းထွက်လာသည့်တိုင် ဟု ပြန်ဆိုကြပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ **فَارَ ဖာရ** ဆိုသော စကားလုံးကို အဓိပ္ပါယ်ကောက်ယူမှု မှားယွင်းရာမှ ဘာသာပြန်လွဲသွားခြင်း ဖြစ်ပေသည်။ **فَارَ ဖာရ** ၏ အနက်မှာ “၎င်း (ရေ) ကို ဆူစေသည်၊ ရုတ်တရက် ပွတ်လောရိုက်သည်”ဟု ဖြစ်ပေသည်။ ထို့ကြောင့် ရေကို ဆူပွက်၍ ပန်းထွက်စေရန် **التَّنُّورُ တန္နူးန်ရ်** ကို မီးဖို၊ သို့မဟုတ် မီး ဟု ကောက်ယူမိခြင်း ဖြစ်သည်။ သို့သော် **التَّنُّورُ တန္နူးန်ရ်** ဟူ သည် “မီး” ဟု အနက်မရပေ။ ၎င်းအနက်မှာ ကမ္ဘာမြေ သို့မဟုတ် မြေပြင်၏ မြင့်သော အစိတ်အပိုင်း ဟု ဖြစ်သည်။ ထို့အပြင် **فَارَ ဖာရ** ဆိုသည်မှာလည်း မြေပြင်မှ ရေစီးထွက်သည်၊ ဟု အနက်ကိုပေးပေသည်။ ထို့ကြောင့် ထိုစကားတွဲ၏ အနက်ကို ဤဘာသာပြန်၌ တောင်ကြားမှ ရေများ ပွက်လောရိုက်လာသည်ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ ထိုသို့ပြန်ဆိုခြင်းသည် ဤဓမ္မခန္ဓာပါ သုတ်တော် ၄၃ နှင့်လည်း ကိုက်ညီပေသည်။

(၅၄၂) **احْمِلْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ အိဟ်မိလ် ဖီးဟာ မင်း ကုလီ ဇော်းဝ်ဂျိုင်းနိဆ် တိုင်းနိ** ကို ဆရာတော်ကြီးများက ကိုယ်တော်နူးဟ်က သူ၏ ရေယာဉ်ပေါ်တွင် ကမ္ဘာ၌ရှိသမျှသော ကုန်းသတ္တဝါများအားလုံးမှ  တိရိစ္ဆာန် တစ်စုံစီ တင်ဆောင်သည်ဟု သမ္မာကျမ်းနောက်သို့ လိုက်၍ ပြန်ဆိုကြပေသည်။ ကုရ်အာန်တွင် တိရိစ္ဆာန်များကို တင်သည်ဟု ဘာသာပြန်ရန် တိရိစ္ဆာန်များ ဟူသည့် ဝေါဟာရ မပါဝင်ချေ။ သူ၏ရေယာဉ်မှာလည်း သစ်သား။ သပ်စို့များဖြင့် ပြုလုပ်ထားသော လှေသာ ဖြစ်၍ (၅၄း၁၂၊၁၃)– ကမ္ဘာ့ ရှိသမျှ တိရိစ္ဆာန်များကို တင်နိုင်သော ကမ္ဘာတင် သင်္ဘောကြီး မဟုတ်ပေ။ ဤသုတ်တော်တွင် ဆိုသော **ဇော်းဝ်ဂျိုင်း နိဆ်တိုင်းနိ** ဆိုသည်မှာ အစုအဖွဲ့ နှစ်ခုဟုသာ ဖြစ်၍– ထိုအစုအဖွဲ့ နှစ်ခု ဆိုသည်မှာ သူ့အားထောက်ခံသော တိုင်းရင်းသား လူမျိုးစုများသာ ဖြစ်နိုင်ပေသည်။ ထိုလူမျိုးစု နှစ်စုမှ သူ့အား ထောက်ခံသော သူများကို တင်ဆောင်ရန် ပြောခြင်းသာ ဖြစ်သည်။ နူးဟ်သည် လူမျိုးတစ်မျိုးကို ကိုယ်စားပြုသော်လည်း ထိုလူမျိုး ဆိုသည်တွင် တိုင်းရင်းသား လူမျိုးစုများ ရှိနေမြဲ ဖြစ်သည်။ **ဇော်းဝ်ဂျွန်** ဆိုသည်မှာ ပေါင်းစပ်နိုင်သော သတ္တဝါတူရာများ ဖွဲ့စည်း ပေါင်းစပ်ခြင်းကိုသာ ဆိုလိုပေသည်။ ၂း၂၅ တွင်ကြည့်ပါ။

| | |
|---|---|
| | သူက “ရေမှကင်းရန် ကျွန်ုပ်မားမားရပ်နိုင်သည့် တောင်ကုန်းသို့ တက်၍ ခိုလှုံပါမည်၊”ဟု ပြန်ပြောသော်၊ သူက “ယနေ့တွင် ပရမတ်ဘုရားရှင်၏ ကရုဏာ သက်သူမှအပ အရှင်၏ ညွှန်ကြားချက်အား ဆန့်ကျင်၍ မားမားရပ်နိုင်သူ မရှိပြီ၊”ဟု ပြန်ပြောနေစဉ်ပင်၊ သူတို့၏ကြား၌ လှိုင်းတံပိုးက ဝန်းရံလျှက် သူသည် နစ်မြုပ်သူတို့၌ ပါသွားတော့၏။၅၄၃ |
| ၄၄။<br><br>၅၄း၁၃<br>ရေယာဉ် | وَقِيلَ يَا أَرْضُ ابْلَعِي مَاءكِ وَيَا سَمَاء أَقْلِعِي وَغِيضَ الْمَاء وَقُضِيَ الأَمْرُ وَاسْتَوَتْ عَلَى الْجُودِيِّ وَقِيلَ بُعْداً لِّلْقَوْمِ الظَّالِمِينَ۞<br>အရှင်က “အို ကမ္ဘာမြေ၊ သင်၏ ရေကို အဖတ်မတင်စေနှင့်၊ အို ကောင်းကင် သင်လည်း စဲစေလော့၊”ဟု မိန့်တော်မူ၏၊ ရေသည် ကျဆင်းသွားပြီး၊ ညွှန်ကြားချက်သည်လည်း အပြီးသတ်ပြီး ဖြစ်၍၏ **၎င်း**အား ဂျူဒီတောင်ထိပ်၌ ပုံစံကျစေလျှက်၊ “မိုက်ကြေးခွဲသော လူမျိုးအတွက် နောက်ကျန်ရစ်စေ၊”ဟု မိန့်တော်မူ၏။ |
| ၄၅။ | وَنَادَى نُوحٌ رَّبَّهُ فَقَالَ رَبِّ إِنَّ ابُنِي مِنْ أَهْلِي وَإِنَّ وَعْدَكَ الْحَقُّ وَأَنتَ أَحْكَمُ الْحَاكِمِينَ۞<br>နူးဟ်က သူ့ကံကြမ္မာရှင်၌ ရင့်ကျူးသည်မှာ “အို ကံကြမ္မာရှင်၊ တပည့်တော်၏ သားသည် တပည့်တော်၏ ဝိုင်းသားများမှ ဖြစ်၏၊ အရှင်၏ ကတိတော်သည် မှန်ကန်ပါ၏၊ အရှင်သည် ဓမ္မသတ်ချမှတ်ခြင်း၌ ဓမ္မသတ်ချုပ် ဖြစ်ပါ၏။” |
| ၄၆။ | قَالَ يَا نُوحُ إِنَّهُ لَيْسَ مِنْ أَهْلِكَ إِنَّهُ عَمَلٌ غَيْرُ صَالِحٍ فَلاَ تَسْأَلْنِ مَا لَيْسَ لَكَ بِهِ عِلْمٌ إِنِّي أَعِظُكَ أَن تَكُونَ مِنَ الْجَاهِلِينَ۞<br>အရှင်က “အို နူးဟ်၊ သူသည် သင်၏ ဝိုင်းသားထဲမှ မဟုတ်၊ သူ့ ကျင့်ကြံမှုသည် ပြုပြင်ခြင်း မဟုတ်၊ သင် အသိ မရှိရာကို ငါ့ထံ၌ မတောင်းဆိုလင့်၊ အသင့်အား ပညာမဲ့သူတို့မှ မဖြစ်အံ့ငှာ ငါအရှင် ဆုံးမသွန်သင်၏၊”ဟု မိန့်သော်။ |
| ၄၇။ | قَالَ رَبِّ إِنِّي أَعُوذُ بِكَ أَنْ أَسْأَلَكَ مَا لَيْسَ لِي بِهِ عِلْمٌ وَإِلاَّ تَغْفِرْ لِي وَتَرْحَمْنِي أَكُن مِّنَ الْخَاسِرِينَ۞<br>သူက “အို ကံကြမ္မာရှင်၊ တပည့်တော်သည် မိမိအသိမရှိရာအား တောင်းဆိုမိခြင်းမှ ကင်းအံ့သောငှာ၊ အရှင့်ထံ၌သာ ခိုလှုံပါ၏။ အရှင်သည် တပည့်တော်အား လွတ်ငြိမ်းခွင့် မပြုပါလျှင်၊ ကရုဏာ မသက်ပါလျှင်၊ ဆုံးရှုံးသူများမှ ဖြစ်ရပါပြီ၊” ဟု လျှောက်ထား၏။ |
| ၄၈။ | قِيلَ يَا نُوحُ اهْبِطْ بِسَلاَمٍ مِّنَّا وَبَرَكَاتٍ عَلَيْكَ وَعَلَى أُمَمٍ مِّمَّن مَّعَكَ وَأُمَمٌ سَنُمَتِّعُهُمْ ثُمَّ يَمَسُّهُم مِّنَّا عَذَابٌ أَلِيمٌ۞<br>အရှင်က “အို နူးဟ်၊ သင်နှင့် အသိုင်းအဝိုင်းသည် ငါပေးသော ငြိမ်းချမ်းမှု၊ ဂုဏ်ကျက်သရေဖြင့် ဆင်းသွားကြလော့၊ သူတို့မှ အသိုင်းအဝိုင်းများကို ချမ်းမြေ့သော ကာလတစ်ခု ပေးတော်မူမည်၊ ထို့နောက် နာကျင်သော ဝဋ်ကြွေးကို ထိသက်စေလတ္တံ့၊”ဟု မိန့်ဆို၏။ ၅၄၄ |
| ၄၉။ | تِلْكَ مِنْ أَنبَاء الْغَيْبِ نُوحِيهَا إِلَيْكَ مَا كُنتَ تَعْلَمُهَا أَنتَ وَلاَ قَوْمُكَ مِن قَبْلِ هَذَا فَاصْبِرْ إِنَّ الْعَاقِبَةَ |

---

(၅၄၃) သူနှင့် သူ့သား၏ ကြားတွင် လှိုင်းတက်လာ၍ သူ့သား နစ်မြုပ်သွားခြင်း ဖြစ်သည်။ သူ့သားမှာ တောင်ပေါ်တွင် ရှိနေ၍ တောင်ပေါ်ထိ ရေမြုပ်သည်ဟု ကျမ်းတော်တွင် ဆိုမထားချေ။ ထို့ကြောင့် ကိုယ်တော်နူးဟ် လက်ထက်တွင် ကမ္ဘာဂြိုလ် တစ်ခုလုံး ရေမြုပ်သည်ဟု ကျမ်းတော်တွင် မပေါ်ပြပေ။ ထိုအချက်ကို ရေမြုပ်သည့် “ဂျူဒီတောင်ထိပ်၌ ဆိုက်စေလျှက်” ဆိုသည့် စကားက ခိုင်မာစွာ ထောက်ပြထားပေသည်။

(၅၄၄) ကျမ်းတော်တွင် တရားပျက်သော လူမျိုးများ အကြောင်းကို ဥပမာပေးတိုင်း၊ သူတို့အား ကာလတစ်ခု သာယာစေမည်၊ ထို့နောက် ဝဋ်ကြွေးသင့် စေမည်ဟု မကြာခဏ ဖေါ်ပြပေသည်။ ဤနေရာ၌ ရှင်းစရာရှိသည်မှာ မည်သည့်လူမျိုးကို မဆို ခဏပျော်ရွှင်ခွင့်ပေးပြီး၊ ထို့နောက် ဒုက္ခရောက်စေရန် ပရမတ်ဘုရားရှင်က ကြိုတင်ပြဋ္ဌာန်းထားခြင်း မဟုတ်ချေ။ လူမျိုးတစ်မျိုးသည် သာယာမှုများနှင့်သာ ခံစားလာရသော် သူတို့သည် ဒုက္ခဆိုသည်ကို မေ့လျော့လျှက် ကိုယ်ကျင့်တရားများ ပျက်ပြားလာကြသည်။ ကိုယ်ချင်းစာမှုများ ပျက်ပြားလာကြသည်၊ ထို့နောက် လောကဓမ္မကိုပါ မေ့လျော့ လာလေ့ရှိပေသည်။ ထိုသို့ ပြစ်မှုများ ကျူးလွန်လာခြင်းဖြင့် မိမိတို့၏ လုပ်ရပ်ကြောင့် မိမိတို့ ခံစားလာရမည့် ဝဋ်ကြွေးကိုသာ ကြိုတင်ဟောထားခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် ကိုယ်ကျင့်တရားများ မပျက်ပြားစေရန် သတိပေးထားခြင်းသာ ဖြစ်ပေသည်။ လူမျိုးတစ်မျိုး၏ သာယာသော ဘဝ ကာလမှာ သတ်မှတ်ထားခြင်း မရှိချေ။ မိမိတို့၏ ကိုယ်ကျင့်တရားပေါ်၌သာ မူတည်နေပေသည်။

| | |
|---|---|
| | **لِلْمُتَّقِينَ۞**<br>ဤသည် သင့်ထံသို့ အာရုံဗျာန်ဖြစ်စေသည့် စကွဲလွန် သတင်းများမှ ဖြစ်၏။ ဤအလျှင်က သင်နှင့် သင့်လူမျိုးသည် ဤအကြောင်းကို သိခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ သည်းခံလော့၊ ချုပ်ငြိမ်းခြင်းသည် စည်းစောင့်သူများ အတွက် ဖြစ်၏။ |
| ၅၀။<br>✡ ၇း၆၅ | **وَإِلَى عَادٍ أَخَاهُمْ هُودًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ إِنْ أَنتُمْ إِلاَّ مُفْتَرُونَ۞**<br>အာဒ်တို့ ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ဟု–ဒ်ကို စေလွှတ်✡ ပြောစေသည်မှာ“အို ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ် ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ အသင်တို့သည် လုပ်ကြံ ဖန်တီးသူများသာ ဖြစ်ကြ၏။– |
| ၅၁။ | **يَا قَوْمِ لا أَسْأَلُكُمْ عَلَيْهِ أَجْرًا إِنْ أَجْرِيَ إِلاَّ عَلَى الَّذِي فَطَرَنِي أَفَلاَ تَعْقِلُونَ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးဆုလဒ် တောင်းခြင်းမရှိ၊ ကျွန်ုပ်အတွက် ဆုလဒ်မှာ ကျွန်ုပ်၏ မူလလက်သည် အရှင်ထံမှသာ ဖြစ်၏၊ သင်တို့၌ အတွေးအခေါ် မရှိကြသလော၊– |
| ၅၂။ | **وَيَا قَوْمِ اسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ يُرْسِلِ السَّمَاء عَلَيْكُم مِّدْرَارًا وَيَزِدْكُمْ قُوَّةً إِلَى قُوَّتِكُمْ وَلاَ تَتَوَلَّوْاْ مُجْرِمِينَ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏ ကံကြမ္မာရှင်၌ လွတ်ငြိမ်းဆုပန်ကြလော့၊ အရှင့်ထံ၌ ခဝါချကြလော့။ အရှင်သည် သူတို့ပေါ်သို့ အကျိုးကျေးဇူးများစွာကို ကောင်းကင်မှ စေစားခဲ့၏၊ သင်တို့အား အစွမ်းသတ္တိ အင်အားကို တိုးပွားစေ တော်မူ၏၊ ရာဇဝတ်ကောင်များ အဖြစ် လှည့်မသွားကြကုန်နှင့်၊”ဟု ဖြစ်၏။ |
| ၅၃။ | **قَالُواْ يَا هُودُ مَا جِئْتَنَا بِبَيِّنَةٍ وَمَا نَحْنُ بِتَارِكِي آلِهَتِنَا عَن قَوْلِكَ وَمَا نَحْنُ لَكَ بِمُؤْمِنِينَ۞**<br>သူတို့က ပြန်ပြောသည်မှာ “အို ဟု–ဒ်၊ သင်သည် ကျွန်ုပ်တို့ထံသို့ ရှင်းလင်းချက်ကို ရောက်လာစေသည် မရှိချေ။ သင်ပြောယုံမျှဖြင့် ကျွန်ုပ်တို့၏ ဘုရားများကို ချန်ပစ်မည် မဟုတ်ပေ၊ ကျွန်ုပ်တို့သည် သင်နှင့်အတူ ယုံကြည်ကြမည် လည်း မဟုတ်ချေ– |
| ၅၄။ | **إِن نَّقُولُ إِلاَّ اعْتَرَاكَ بَعْضُ آلِهَتِنَا بِسُوَءٍ قَالَ إِنِّي أُشْهِدُ اللّهِ وَاشْهَدُواْ أَنِّي بَرِيءٌ مِّمَّا تُشْرِكُونَ۞**<br>–ပြောရသော် ကျွန်ုပ်တို့၏ ဘုရားတစ်ချို့က သင့်အား အကုသိုလ်ဖြင့် ဖမ်းပြီ”ဟု ဖြစ်၏၊– သူ ပြန်ပြောသည်မှာ “ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား သက်သေပြုပါ၏၊ ကျွန်ုပ်သည် ရောပြွန်းကိုးကွယ်ခြင်းမှ ကင်းကြောင်း သင်တို့ လည်း သက်သေပြုကြလော့– |
| ၅၅။ | **مِن دُونِهِ فَكِيدُونِي جَمِيعًا ثُمَّ لاَ تُنظِرُونِ۞**<br>–အရှင် မှလွဲ၍၊ အသင်တို့ အားလုံးသည် ကျွန်ုပ်အား ကြံစည်ကြလော့၊ စောင့်ကြည့်နေခွင့် မပြုနှင့်– |
| ၅၆။<br>★ ၅၅:၆၁ | **إِنِّي تَوَكَّلْتُ عَلَى اللّهِ رَبِّي وَرَبِّكُم مَّا مِن دَآبَّةٍ إِلاَّ هُوَ آخِذٌ بِنَاصِيَتِهَا إِنَّ رَبِّي عَلَى صِرَاطٍ مُّسْتَقِيمٍ۞**<br>–ကျွန်ုပ်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင်ဖြစ်သော ပရမတ်ဘုရားရှင်၌သာ ကိုးစားပါ၏၊ အရသည် မည်သည့်သတ္တဝါကိုမဆို ငယ်ထိပ်မှ ဆွဲယူလတ္တံ့။★ ကံကြမ္မာရှင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏။ ၅၆၅ – |
| ၅၇။ | **فَإِن تَوَلَّوْاْ فَقَدْ أَبْلَغْتُكُم مَّا أُرْسِلْتُ بِهِ إِلَيْكُمْ وَيَسْتَخْلِفُ رَبِّي قَوْمًا غَيْرَكُمْ وَلاَ تَضُرُّونَهُ شَيْئًا إِنَّ رَبِّي عَلَى كُلِّ شَيْءٍ حَفِيظٌ۞** |

(၅၆၅) ကံကြမ္မာရှင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏ ဆိုသည်မှာ ပရမတ်ဘုရားရှင်သည် ချမှတ်ပြဋ္ဌာန်းပြီးသား လောကဓမ္မအား ကမောက် ကမ ဖေါက်လွဲ ဖေါက်ပြန် ပြုလုပ်ခြင်း မရှိဟု ဆိုလိုခြင်း ဖြစ်ပေသည်၊ (၃၀း၃၀)။

| | |
|---|---|
| | သင်တို့သည် လှည့်သွားကြလျှင်လည်း သင်တို့ထံသို့ စေပို့သော အကြောင်းများကို ကျွန်ုပ် ဆိုက်ရောက်စေပြီ။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သင်တို့အစား အခြားလူမျိုးကို ဆက်ခံစေတော်မူလတ္တံ့။ အရှင့်အား နစ်နာစေမည့် တစ်စုံတစ်ရာ မရှိချေ။ ကေန်ပင် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သဗ္ဗလုံးစုံအား ထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။'' |
| ၅၈။ | وَلَمَّا جَاء أَمْرُنَا نَجَّيْنَا هُودًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مِّنَّا وَنَجَّيْنَاهُم مِّنْ عَذَابٍ غَلِيظٍ۞<br>ငါ၏ ညွှန်ကြားချက် ရောက်လာစေစဉ်၊ ငါ၏ ကရုဏာတော်အားဖြင့် ဟုဒ်နှင့် ယုံကြည်သောသူများကို လွတ်မြောက်စေ၏။ သူတို့အား တိကျပြတ်သားသော ဝဋ်ကြွေးမှ လွတ်မြောက်စေ၏။ |
| ၅၉။ | وَتِلْكَ عَادٌ جَحَدُواْ بِآيَاتِ رَبِّهِمْ وَعَصَوْاْ رُسُلَهُ وَاتَّبَعُواْ أَمْرَ كُلِّ جَبَّارٍ عَنِيدٍ۞<br>ဤသည် အာဒ်တို့၏ အကြောင်းပင် ဖြစ်၏၊ သူတို့သည် ကံကြမ္မာရှင်ထံမှ သက်သေလက္ခဏာများကို ပယ်ပစ်ကြ၏၊ အရှင့် ဉာဏ်စဉ်ဆောင်များကို အာခံကြ၏။ ခေါင်းမာသော ပုန်ကန်သူတိုင်း၏ ညွှန်ကြားမှုကို လိုက်နာကြ၏။ |
| ၆၀။ | وَأُتْبِعُواْ فِي هَذِهِ الدُّنْيَا لَعْنَةً وَيَوْمَ الْقِيَامَةِ أَلا إِنَّ عَادًا كَفَرُواْ رَبَّهُمْ أَلاَ بُعْدًا لِّعَادٍ قَوْمِ هُودٍ۞<br>ထို့ကြောင့် မေတ္တာမဲ့ခံရမှုမှာ သူတို့အား ဤဘဝ၌ဖြစ်စေ၊ ရပ်တည်ရမည့် နေ့ကာလ၌ဖြစ်စေ ထပ်ကြပ်မကွာ လိုက်နေ၏၊ မှတ်သားလော့ အာဒ်တို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်ကြ၏။ ဟုဒ်၏ လူမျိုး အာဒ်တို့အား နောက်ကျန်ရစ်စေပြီ။ |
| ၆၁။<br><br>၇:၇၃ | وَإِلَى ثَمُودَ أَخَاهُمْ صَالِحًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ هُوَ أَنشَأَكُم مِّنَ الأَرْضِ وَاسْتَعْمَرَكُمْ فِيهَا فَاسْتَغْفِرُوهُ ثُمَّ تُوبُواْ إِلَيْهِ إِنَّ رَبِّي قَرِيبٌ مُّجِيبٌ۞<br>သမု-ဒ် တို့ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ဆွာလေဟ်အား စေလျှက် ''အို ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ အရှင်သည် သင်တို့အား မြေကမ္ဘာ၌ ပေါက်ပွားစေ၍၊ ထို၌ပင် ဘဝသံသရာလည်စေ၏၊ သင်တို့သည် အရှင့်ထံ၌ လွတ်ငြိမ်းဆုပန်ရာ၏၊ တဖန် အရှင့်ထံ၌ ခဝါချအပ်၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အနီးဆုံးဖြစ်တော်မူ၍၊ ဖြေကြားပေးနေတော်မူ၏၊''ဟု ဆိုသော်- |
| ၆၂။<br><br>လျှာ<br>ထား | قَالُواْ يَا صَالِحُ قَدْ كُنتَ فِينَا مَرْجُوًّا قَبْلَ هَذَا أَتَنْهَانَا أَن نَّعْبُدَ مَا يَعْبُدُ آبَاؤُنَا وَإِنَّنَا لَفِي شَكٍّ مِّمَّا تَدْعُونَا إِلَيْهِ مُرِيبٍ۞<br>သူတို့က ''အို ဆွာလေဟ်၊ ဤရှေ့အလျှင်ထိ၊ အသင်သည် ကျွန်ုပ်တို့အထဲ၌ **မျှော်လင့်**ခံရသူ ဖြစ်ခဲ့၏၊ ကျွန်ုပ်တို့၏ မိရိုးဖလာ ကိုးကွယ်ခဲ့သည်ကို မကိုးကွယ်ရန် ကျွန်ုပ်တို့အား သင် ဟန့်တားသလော၊ သင် ဆင့်ဆိုသော တရား၌ ကျွန်ုပ်တို့ ဒွိဟဖြစ်၏၊ ထို၌ သံသယရှိ၏၊''ဟု ဆိုကြ၏။ |
| ၆၃။ | قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَى بَيِّنَةً مِّن رَّبِّي وَآتَانِي مِنْهُ رَحْمَةً فَمَن يَنصُرُنِي مِنَ اللّهِ إِنْ عَصَيْتُهُ فَمَا تَزِيدُونَنِي غَيْرَ تَخْسِيرٍ۞<br>သူက ပြောသည်မှာ ''အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့ မမြင်မိသလော၊ ကျွန်ုပ်အား ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်တော်နှင့်၊ အရှင့်ထံတော်မှ ကရုဏာတော် ပေးအပ်ခြင်း ဖြစ်၏။ ကျွန်ုပ်သည် အာခံခဲ့မိလျှင် ပရမတ်ဘုရားရှင်အား တုလျှက် မည်သူက ကူညီမည်နည်း၊ သင်တို့သည် ကျွန်ုပ်အား ဆုံးရှုံးစေခြင်းမှအပ အခြားကို ပွားစေမည် မဟုတ်ချေ။- |
| ၆၄။<br><br>✡ ၇:၇၃ | وَيَا قَوْمِ هَذِهِ نَاقَةُ اللّهِ لَكُمْ آيَةً فَذَرُوهَا تَأْكُلْ فِي أَرْضِ اللّهِ وَلاَ تَمَسُّوهَا بِسُوءٍ فَيَأْخُذَكُمْ عَذَابٌ قَرِيبٌ۞<br>-အို ကျွန်ုပ်၏ လူမျိုးတို့၊ ဤသည် သင်တို့အတွက် နိမိတ်လက္ခဏာဖြစ်သော ပရမတ်ဘုရားရှင်၏ ကုလားအုပ်မ ဖြစ်၏၊ သို့ဖြစ်၍ သူမအား ချန်ထား၍ ပရမတ်ဘုရားရှင်၏ မြေကမ္ဘာ၌ စားသုံးစေလော့၊ သူမအား အကုသိုလ်ဖြင့် မထိနှင့်၊ သို့မဟုတ်က နီးကပ်သော ဝဋ်ကြွေးသည် သင်တို့အား သိမ်းယူလတ္တံ့၊''ဟု ဖြစ်၏။✡ |

| | |
|---|---|
| ၆၅။<br>☆၇း၇၇ | **فَعَقَرُوهَا فَقَالَ تَمَتَّعُواْ فِي دَارِكُمْ ثَلاَثَةَ أَيَّامٍ ذَلِكَ وَعْدٌ غَيْرُ مَكْذُوبٍ**۞<br>သို့ဖြင့် ကုလားအုပ်မအား မျိုးအ’စေကြ၏။☆ ထိုအခါ သူက “သင်တို့သည် အိမ်များ၌ သုံးရက်မျှသာ ပျော်နေကြလော့၊ ဤကတိတော်သည် လိမ်ညာလီဆယ်မှု မဟုတ်ချေ။”ဟု ဆို၏။ |
| ၆၆။ | **فَلَمَّا جَاء أَمْرُنَا نَجَّيْنَا صَالِحًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مِّنَّا وَمِنْ خِزْيِ يَوْمِئِذٍ إِنَّ رَبَّكَ هُوَ الْقَوِيُّ الْعَزِيزُ**۞<br>ငါ၏ ညွှန်ကြားချက် ရောက်လာစေစဉ်၊ ငါ့ထံမှ ကရုဏာတော်အားဖြင့် ဆွာလေဟ်နှင့် ယုံကြည်သောသူများကို အရှက်ရသည့် နေ့မှ လွတ်မြောက်စေတော်မူ၏။ သင်၏ ကံကြမ္မာရှင်သည် တန်ခိုးတော်ရှင် ဘုန်းတော်ရှင် ဖြစ်တော်မူ၏။ |
| ၆၇။<br>၇း၇၈ | **وَأَخَذَ الَّذِينَ ظَلَمُواْ الصَّيْحَةُ فَأَصْبَحُواْ فِي دِيَارِهِمْ جَاثِمِينَ**۞<br>မိုက်ကြေးခွဲသောသူများအား အသံလိုင်းကြီးက သိမ်းယူလိုက်၍ သူတို့၏ အိမ်များတွင် နံနက်၌ ရုပ်ကလပ်များ ဖြစ်သွားစေ၏။ |
| ၆၈။ | **كَأَن لَّمْ يَغْنَوْاْ فِيهَا أَلاَ إِنَّ ثَمُودَ كَفرُواْ رَبَّهُمْ أَلاَ بُعْدًا لِّثَمُودَ**۞<br>၎င်းသည် သူတို့မပြည့်စုံခဲ့သော အရပ်ကဲ့သို့ ဖြစ်သွားခဲ့၏။ သမု–ဒ်တို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်၏။ ထို့ကြောင့် သမု–ဒ်တို့အား နောက်ကျန်ရစ်စေပြီ။ |
| ၆၉။<br>၁၂း၁၀၉ | **وَلَقَدْ جَاءتْ رُسُلُنَا إِبْرَاهِيمَ بِالْبُشْرَى قَالُواْ سَلاَمًا قَالَ سَلاَمٌ فَمَا لَبِثَ أَن جَاء بِعِجْلٍ حَنِيذٍ**۞<br>ငါ၏ ဥဒဏ်စဉ်ဆောင်များသည် အီးဗရာဟီးမ်ထံသို့ သတင်းကောင်းဖြင့် ရောက်လာ၍ “ငြိမ်းချမ်းပါစေ”ဟု နှုတ်ဆက်သော်– သူကလည်း “ငြိမ်းချမ်းပါစေ”ဟု နှုတ်ဆက်လျှက် တုံ့ဆိုင်းမနေဘဲ နွားကင်တစ်ကောင်ဖြင့် ရောက်လာ၏။ |
| ၇၀။<br>☆<br>၂၇း၄၀ | **فَلَمَّا رَأَى أَيْدِيَهُمْ لاَ تَصِلُ إِلَيْهِ نَكِرَهُمْ وَأَوْجَسَ مِنْهُمْ خِيفَةً قَالُواْ لاَ تَخَفْ إِنَّا أُرْسِلْنَا إِلَى قَوْمِ لُوطٍ**۞<br>သူတို့သည် ၎င်းအား အကျွမ်းမဝင်☆ လက်မလှမ်းကြဖြစ်သည်ကို မြင်သောအခါ၊ သူသည် စိုးရိမ်စိတ် ခံစားမိ၏၊ သူတို့က “မစိုးရိမ်လေနှင့် ကျွန်ုပ်တို့သည် လု–တ်၏ လူမျိုးထံသို့ စေပို့ခံရသူများ ဖြစ်၏၊”ဟု ဆို၏။ |
| ၇၁။ | **وَامْرَأَتُهُ قَآئِمَةٌ فَضَحِكَتْ فَبَشَّرْنَاهَا بِإِسْحَقَ وَمِن وَرَاء إِسْحَقَ يَعْقُوبَ**۞<br>သူ့အပါးတွင် ရပ်နေသော ဇနီးအား အစ္စဟာ့က်နှင့် အစ္စဟာ့က်၏ နောက်ကွယ် ယာကုပ် အကြောင်း သတင်းကောင်းကို ပါးသော် သူမက ရယ်မောလျှက်– |
| ၇၂။ | **قَالَتْ يَا وَيْلَتَى أَأَلِدُ وَأَنَاْ عَجُوزٌ وَهَذَا بَعْلِي شَيْخًا إِنَّ هَذَا لَشَيْءٌ عَجِيبٌ**۞<br>“အလိုလေး–ကျွန်မသည် အဘွားအိုဖြစ်ပြီ၊ ရင်သွေးမည်သို့ရအံ့နည်း၊ ဤမှာ ကျွန်မ၏ လင်ယောကျ်ားလည်း အိုလှပြီ။ ကေန်ပင် ဤသည် အံ့သြစရာ ဖြစ်၏”ဟု ဆိုသော်၊ |
| ၇၃။ | **قَالُواْ أَتَعْجَبِينَ مِنْ أَمْرِ اللّهِ رَحْمَتُ اللّهِ وَبَرَكَاتُهُ عَلَيْكُمْ أَهْلَ الْبَيْتِ إِنَّهُ حَمِيدٌ مَّجِيدٌ**۞<br>သူတို့က “သင်တို့သည် ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်အား အံ့သြပါသလော၊ ပရမတ်ဘုရားရှင်၏ ကရုဏာနှင့် ကျက်သရေမင်္ဂလာသည် သင်တို့အပေါ်သို့ သက်ရောက်ပါစေ အိမ်သားအပေါင်းတို့၊ အရှင်သည် ရည်သန်စူးစိုက်မှု တည်ရာ ဖြစ်၏။ ကြီးကျယ်မြင့်မြတ်တော်မူ၏”ဟု ဟောပြော၏။ |
| ၇၄။ | **فَلَمَّا ذَهَبَ عَنْ إِبْرَاهِيمَ الرَّوْعُ وَجَاءتْهُ الْبُشْرَى يُجَادِلُنَا فِي قَوْمِ لُوطٍ**۞<br>အီဗရာဟီးမ်သည် စိုးရိမ်စိတ်ပြေသွားစဉ်၊ သူ့ထံသို့ သတင်းကောင်း ရောက်လာ၏၊ သူသည် လု–တ်၏ လူမျိုး အတွက် ငါ့ထံ၌ ထုချေလျှောက်တင်ပေး၏။ |

| | |
|---|---|
| ၇၅။ | **إِنَّ إِبْرَاهِيمَ لَحَلِيمٌ أَوَّاهٌ مُّنِيبٌ**۞<br>ကေန်ပင် အီဗရာဟီးမ်သည် နူးညံ့သိမ်မွေ့၏။ သနားတတ်၏၊ အရှင့်ထံဘက်လှည့်၏။ |
| ၇၆။<br>အသနား ခံခြင်းကို | **يَا إِبْرَاهِيمُ أَعْرِضْ عَنْ هَذَا إِنَّهُ قَدْ جَاء أَمْرُ رَبِّكَ وَإِنَّهُمْ آتِيهِمْ عَذَابٌ غَيْرُ مَرْدُودٍ**۞<br>အရှင်က "အို အီဗရာဟီးမ်၊ **ဤသည်နှင့်စပ်လျဉ်း၍** ဘောင်ထားလော့၊ သင့်ကံကြမ္မာရှင်၏ ညွှန်ကြားချက်သည် ရောက်လာစေပြီ။ သူတို့ထံ– သူတို့မတန်ပြန်နိုင်သော ဝဋ်ကြွေးအား ပေးရောက်စေပြီ။" |
| ၇၇။<br>စိတ်ညစ် စရာ | **وَلَمَّا جَاءتْ رُسُلُنَا لُوطًا سِيءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَقَالَ هَذَا يَوْمٌ عَصِيبٌ**۞<br>ငါ၏ ဥာဏ်စဉ်ဆောင်တို့သည် လု–တ်ထံသို့ရောက်လာစဉ်၊ အကုသိုလ် သင့်သူများကြောင့် သူတို့အတွက် လက်ပန်းကျ စိတ်ကျပ်တည်းလျှက် "ဤသည် **အဖွဲ့ဆုံသော**နေ့ပင်တည်း၊"ဟု ညည်းညူ၏။ |
| ၇၈။<br>✡<br>၁၅း၇၁ | **وَجَاءهُ قَوْمُهُ يُهْرَعُونَ إِلَيْهِ وَمِن قَبْلُ كَانُواْ يَعْمَلُونَ السَّيِّئَاتِ قَالَ يَا قَوْمِ هَؤُلاء بَنَاتِي هُنَّ أَطْهَرُ لَكُمْ فَاتَّقُواْ اللّهَ وَلاَ تُخْزُونِ فِي ضَيْفِي أَلَيْسَ مِنكُمْ رَجُلٌ رَّشِيدٌ**۞<br>သူ့ လူမျိုးများသည် သူ့ထံသို့ အလျှင်စလို ရောက်လာကြ၏။ သူတို့သည် ရှေ့ကပင် အကုသိုလ်များ ကျင့်ကြံလျှက်ရှိခဲ့၏။ သူက "အို ကျွန်ုပ်၏ လူမျိုးတို့၊ ဤမှာ ကျွန်ုပ်သမီးများ ရှိ၏။✡ သူတို့သည် သင်တို့အတွက် ပိုမို သန့်စင်စေ၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဧည့်သည်များကို စော်ကားခြင်းဖြင့် ကျွန်ုပ်အား အရှက်မခွဲကြနှင့်၊ သင်တို့၌ ယောက်ျားပီသသူ တစ်ဦးမျှ မရှိကြသလော၊"ဟု ဆို၏။[၁၄၆] |
| ၇၉။ | **قَالُواْ لَقَدْ عَلِمْتَ مَا لَنَا فِي بَنَاتِكَ مِنْ حَقٍّ وَإِنَّكَ لَتَعْلَمُ مَا نُرِيدُ**۞<br>သူတို့က "သင်၏ သမီးများသည် ကျွန်ုပ်တို့အတွက် မဟုတ်ကြောင်း သင် သိ၏။ ကျွန်ုပ်တို့ အမှန်အကန် လိုလားရာကိုလည်း သင် သိ၏၊"ဟု ပြောကြ၏။ |
| ၈၀။ | **قَالَ لَوْ أَنَّ لِي بِكُمْ قُوَّةً أَوْ آوِي إِلَى رُكْنٍ شَدِيدٍ**۞<br>သူက "ကျွန်ုပ်သည် သင်တို့အား ခုခံရန် အင်စွမ်းရှိလျှင်၊ သို့မဟုတ် မှီခိုရာ သန်မာသော အမှီရှိလျှင် ကောင်းလေစွ၊"ဟု ညည်းညူ၏။ |
| ၈၁။<br>ဧည့် သည် များက | **قَالُواْ يَا لُوطُ إِنَّا رُسُلُ رَبِّكَ لَن يَصِلُواْ إِلَيْكَ فَأَسْرِ بِأَهْلِكَ بِقِطْعٍ مِّنَ اللَّيْلِ وَلاَ يَلْتَفِتْ مِنكُمْ أَحَدٌ إِلاَّ امْرَأَتَكَ إِنَّهُ مُصِيبُهَا مَا أَصَابَهُمْ إِنَّ مَوْعِدَهُمُ الصُّبْحُ أَلَيْسَ الصُّبْحُ بِقَرِيبٍ**۞<br>**သူတို့**က "အို လု–တ်၊ ကျွန်ုပ်တို့သည် သင့်ကံကြမ္မာရှင်ထံမှ ဥာဏ်စဉ်ဆောင်များ ဖြစ်၏။ သူတို့သည် သင့်ထံ မပူးပေါင်းနိုင်ရာ၊ သင်သည် ဝိုင်းသားများနှင့်အတူ ည အစိတ်အပိုင်း၌ ခရီးနှင်လော့၊ သင့်ဇနီးမှအပ သင်တို့အထဲမှ တစ်ယောက်ကိုမှ နောက်ဆံမတင်းစေနှင့်၊ ကေန်ပင် သူတို့အား ထိခိုက်စေမည့် အရာသည် သူမအားလည်း ထိခိုက်စေမည်၊ သူတို့အတွက် ကတိထားချိန်သည် နံနက်စ ဖြစ်၏၊ နံနက်သည် နီးကပ်လာနေပြီ မဟုတ်လော၊"ဟု ဆို၏။ |
| ၈၂။<br>☆<br>၁၀၅း၄ | **فَلَمَّا جَاء أَمْرُنَا جَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهَا حِجَارَةً مِّن سِجِّيلٍ مَّنضُودٍ**۞<br>ငါ၏ ညွှန်ကြားချက် ရောက်လာစဉ်၊ သူတို့အား အပေါ်ဆုံးမှ အနိမ့်ဆုံးသို့ စီစဉ်ပစ်၍၊ သူတို့အပေါ်သို့ ဖျက်အား |

(၁၄၆) **رَجُلٌ رَّشِيدٌ ရဂျိုလွန် ရရှီးဒွန်** ဆိုသည်မှာ စိတ်ဓါတ် ဖြောင့်မတ်ခိုင်မာသောသူ ဟု အနက်ရပေသည်။ လု–တ်၏ လူမျိုးမှ ယောက်ျားတို့သည် အမျိုးသမီးများ အစား ယောက်ျားချင်း ကာမမှုကို ကျူးလွန်ကြသည်။ ထို့ကြောင့် ကိုယ်တော်လု–တ်က သူ၏ ဧည့်သည်များအား စော်ကားမည်ကို စိုးရိမ်မကင်း ဖြစ်၍ သူ့ဧည်သည် ယောက်ျားများအစား သူ့သမီးများ (နောက်လိုက် အမျိုးသမီးများ)ကို သဘာဝအတိုင်း ဆက်ဆံကြရန် မေတ္တာရပ်ခံ၍။ သဘာဝကို မဖေါက်ပြန်သော စိတ်ဓါတ်ဖြောင့်မတ်သောသူ ဟု ဆိုလိုသောကြောင့် ဤစကားလုံးကို ဤဘာသာပြန်၌ ယောက်ျားပီသသောသူ ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | ကောင်းသော လိုမ့်ချသည့် ကျောက်မိုး အထပ်ထပ် ရွာစေ၏။☆ |
| ၈၃။ | مُّسَوَّمَةً عِندَ رَبِّكَ وَمَا هِيَ مِنَ الظَّالِمِينَ بِبَعِيدٍ ۞<br>၎င်းသည် သင့်ကံကြမ္မာရှင်၏ ထံ၌ တံဆိပ်တပ်ပြီး ဖြစ်၍၊ ယင်းသည် အမိုက်ကောင်များ အတွက် နောက်ကျန်ရစ်သည် မဟုတ်ချေ။ |
| ၈၄။<br>၇း၈၅ | وَإِلَى مَدْيَنَ أَخَاهُمْ شُعَيْبًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ وَلاَ تَنقُصُواْ الْمِكْيَالَ وَالْمِيزَانَ إِنِّيَ أَرَاكُم بِخَيْرٍ وَإِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ مُّحِيطٍ ۞<br>မီဒီယံတို့ထံသို့ သူတို့၏ ညီနောင်ဖြစ်သော ရှုအိုက်(ဘ်)ကို စေ၍၊ ဟောစေသည်မှာ “အို ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့။ သင်တို့အတွက် အရှင်မှအပ အခြားဘုရား ဟူ၍ မရှိပြီ။ ချိန်တွယ်ရာ၌ ချိန်ခွင် မလျှော့စေနှင့်၊ သင်တို့၌ ကောင်းခြင်းများကို ကျွန်ုပ်မြင်၏။ သင်တို့အတွက် ဝဋ်ကြွေးများ ဝိုင်းဝန်းထားသော နေ့ကာလကို ကျွန်ုပ် ကြောက်မိ၏။– |
| ၈၅။ | وَيَا قَوْمِ أَوْفُواْ الْمِكْيَالَ وَالْمِيزَانَ بِالْقِسْطِ وَلاَ تَبْخَسُواْ النَّاسَ أَشْيَاءهُمْ وَلاَ تَعْثَوْاْ فِي الأَرْضِ مُفْسِدِينَ ۞<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ အချိန်အတွယ်နှင့်၊ ချိန်ခွင်ကို သမာသမတ်ဖြင့် ပြည့်စေကြလော့၊ လူသားတို့၏ အရာဝတ္ထုများအား မလျှော့ပေါ့စေနှင့်၊ ကမ္ဘာ၌ ညစ်ညမ်းစုတ်ပဲ့၊ အဖျက်ကောင်များ မပြုကြနှင့်။ |
| ၈၆။ | بَقِيَّةُ اللّهِ خَيْرٌ لَّكُمْ إِن كُنتُم مُّؤْمِنِينَ وَمَا أَنَاْ عَلَيْكُم بِحَفِيظٍ ۞<br>သင်တို့သည် ယုံကြည်သူများ ဖြစ်လျှင် ပရမတ်ဘုရားရှင်၏ တည်ထားပေးရာသည် သင်တို့အတို့ အကောင်းဆုံး ဖြစ်၏။ ကျွန်ုပ်သည် သင်တို့အား ထိန်းသိမ်းစောင့်ရှောက်ရသူ မဟုတ်ချေ။”ဟု ဖြစ်၏။ |
| ၈၇။ | قَالُواْ يَا شُعَيْبُ أَصَلاَتُكَ تَأْمُرُكَ أَن نَّتْرُكَ مَا يَعْبُدُ آبَاؤُنَا أَوْ أَن نَّفْعَلَ فِي أَمْوَالِنَا مَا نَشَاء إِنَّكَ لَأَنتَ الْحَلِيمُ الرَّشِيدُ ۞<br>သူတို့က “အို ရှုအိုက်(ဘ်) သင်၏ မေတ္တာတရားက[၅၄၇] ကျွန်ုပ်တို့အား မိရိုးဖလာ ကိုးကွယ်ခြင်းနှင့် ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းအား စံချိန်ပြည့် ပွားများအောင် လုပ်ခြင်းမှ ချန်ပစ်ရန် ညွှန်ကြားသလော။ ကေန်ပင် သင်သည် စိတ်နူးညံ့သူ၊ စိတ်ဓါတ်ဖြောင့်မတ်သူ ဖြစ်၏၊”ဟု ဆိုသော်။ |
| ၈၈။ | قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَىَ بَيِّنَةٍ مِّن رَّبِّي وَرَزَقَنِي مِنْهُ رِزْقًا حَسَنًا وَمَا أُرِيدُ أَنْ أُخَالِفَكُمْ إِلَى مَا أَنْهَاكُمْ عَنْهُ إِنْ أُرِيدُ إِلاَّ الإِصْلاَحَ مَا اسْتَطَعْتُ وَمَا تَوْفِيقِي إِلاَّ بِاللّهِ عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ ۞<br>သူ ဟောပြောသည်မှာ “အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား ရှင်းလင်းစေပြီ၊ အရှင့်ထံမှ ရိက္ခာများဖြင့် တင့်တယ်စွာ ရိက္ခာထောက်၏ အသင်တို့ မြင်မိကြသလော၊ သင်တို့အား ကျွန်ုပ် ဟန့်တားရာကို–သင်တို့ကို ဆက်ခံ၍ ကျွန်ုပ်လည်း ကျူးလွန်လိုသည် မဟုတ်။ ကျွန်ုပ်ကိုယ်တိုင် တတ်နိုင်သမျှ ပြုပြင်လို၏။ ကျွန်ုပ်သည် ပရမတ်ဘုရားရှင် ဖြင့်သာ ပေါင်းစည်းလိုပါ၏၊ အရှင့်ကိုသာ ကိုးစားပါ၏၊ အရှင့်ထံသို့ ဘက်လှည့်ကြ၏။ |
| ၈၉။<br>၇း၆၄ | وَيَا قَوْمِ لاَ يَجْرِمَنَّكُمْ شِقَاقِي أَن يُصِيبَكُم مِّثْلُ مَا أَصَابَ قَوْمَ نُوحٍ أَوْ قَوْمَ هُودٍ أَوْ قَوْمَ صَالِحٍ وَمَا قَوْمُ لُوطٍ مِّنكُم بِبَعِيدٍ ۞ |

---

(၅၄၇) **صَلاَتُكَ ဆွလာတ်တို့က** ဟူသည် အသင်၏ ဆွလာတ် ဟု ဖြစ်သည်။ ဆွလာတ် ဟူသည် ပရမတ်ဘုရားရှင်ထံမှ ကိန်းဝပ်ပေးသော ဥာဏ်စဉ် ဓမ္မကျမ်းချက်များအား နောက်လိုက်များ၏ ကိုယ် စိတ် နှလုံး တွင် စွဲကပ်သွားစေရန် လေ့ကျင့်ပေးသည့် သင်တန်း။ လေ့ကျင့်မှု ဖြစ်ကြောင်း ၂း၃ တွင် ရှင်းခဲ့ပြီး ဖြစ်သည်။ ကိုယ်တော် ရှုအိုက်(ဘ်) ပေးသော စိတ်ဓါတ်သင်တန်းမှာ မိရိုးဖလာ ဥစ္စာလောဘ တက်နေသူများ အတွက် ထိခိုက်ဘွယ်ရာ ဖြစ်သောကြောင့် သူ၏ လူများမှ ကန့်ကွက်မှု ဖြစ်ပေသည်။

| | |
|---|---|
| ၇:၇၂<br>၇:၇၈<br>၇:၈၄ | –အို ကျွန်ုပ်၏ လူမျိုးတို့၊ **ကျွန်ုပ်၏** ကွဲလွဲမှုများကြောင့် သင်တို့ ရာဇဝတ်ပြုမည်ဆိုက နူးဟ်၏ လူမျိုး၊ ဟု–ဒ်၏ လူမျိုး၊ ဆွာလေဟ်၏ လူမျိုးနှင့် နောက်ကျမကျန်မှီက လု–တ်၏ လူမျိုးများအပေါ်၌ ထိခိုက်စေသကဲ့သို့ သင်တို့အား ထိခိုက်လတ္တံ့၊[၁၄၈]– |
| ၉၀။ | **وَاسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ إِنَّ رَبِّي رَحِيمٌ وَدُودٌ۞**<br>–သင်တို့၏ ကံကြမ္မာရှင်၌ လွတ်ငြိမ်းဆုပန်ကြလော့၊ အရှင့်ထံ၌ ခဝါချကြလော့၊ အရှင်သည် အကြင်နာရှင်၊ ချစ်ခင်သော အရှင် ဖြစ်တော်မူ၏၊”ဟု ဖြစ်၏။ |
| ၉၁။ | **قَالُواْ يَا شُعَيْبُ مَا نَفْقَهُ كَثِيرًا مِّمَّا تَقُولُ وَإِنَّا لَنَرَاكَ فِينَا ضَعِيفًا وَلَوْلاَ رَهْطُكَ لَرَجَمْنَاكَ وَمَا أَنتَ عَلَيْنَا بِعَزِيزٍ۞**<br>သူတို့က “အို ရှုအိုက်(ဘ်) သင်၏ ဟောပြောချက် အများစုကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ၊ သင်သည် ကျွန်ုပ်တို့အထဲတွင် အင်အားချိနဲ့သူ အဖြစ်သာ မြင်ရ၏၊ သင်၏ မျိုးရိုးကြောင့်သာ မဟုတ်ခဲ့လျှင်၊ သင့်အား ပစ်ထုတ်ပြီးလတ္တံ့၊ သင့်တွင် မည်သည့် ဘုန်းကံမှ မရှိချေ၊”ဟု ပြောကြ၏။ |
| ၉၂။ | **قَالَ يَا قَوْمِ أَرَهْطِي أَعَزُّ عَلَيْكُم مِّنَ اللهِ وَاتَّخَذْتُمُوهُ وَرَاءكُمْ ظِهْرِيًّا إِنَّ رَبِّي بِمَا تَعْمَلُونَ مُحِيطٌ۞**<br>သူ ပြန်ပြောသည်မှာ “အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ မျိုးရိုးက ပရမတ်ဘုရားရှင်ထက် ဘုန်းကံမြင့်စေသလော၊ သင်တို့သည် ကျောခိုင်းလျှက် ကွယ်ပစ်လိုက်သော အရာကဲ့သို့ အရှင့်အပေါ်၌ အယူမထားကြ၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှ ကို ဝိုင်းရံထားတော်မူ၏၊– |
| ၉၃။ | **وَيَا قَوْمِ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ سَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَمَنْ هُوَ كَاذِبٌ وَارْتَقِبُواْ إِنِّي مَعَكُمْ رَقِيبٌ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံနေ၏၊ မည်သူ့အား အရှက်ရစေသော ဝဋ်ကြွေးသည် ထိမည်၊ မည်သူသည် လူလိမ် ဖြစ်သည်ကို မကြာမီ သိရလတ္တံ့။ စောင့်ကြည့်နေကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်ကြည့်နေ၏၊”ဟု ဖြစ်၏။ |
| ၉၄။<br><br>၇:၉၁<br>လျှင်<br>ကြီး | **وَلَمَّا جَاء أَمْرُنَا نَجَّيْنَا شُعَيْبًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مَّنَّا وَأَخَذَتِ الَّذِينَ ظَلَمُواْ الصَّيْحَةُ فَأَصْبَحُواْ فِي دِيَارِهِمْ جَاثِمِينَ۞**<br>ငါ၏ ညွှန်ကြားချက် ရောက်ရှိလာစဉ်၊ ငါ့ထံမှ ကရုဏာတော်အားဖြင့် ရှုအိုက်(ဘ်)နှင့် ယုံကြည်သောသူများကို လွတ်မြောက်စေတော်မူ၏၊ မိုက်ကြေးခွဲသောသူများအား **အသံလှိုင်းကြီးဖြင့်** သိမ်းယူလိုက်၍ သူတို့၏ အိမ်များတွင် နံနက်၌ ရုပ်ကလပ်များ ဖြစ်သွားစေ၏။ |
| ၉၅။ | **كَأَن لَّمْ يَغْنَوْاْ فِيهَا أَلاَ بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُودُ۞**<br>သမု–ဒ်တို့သည် ထို၌ သူတို့ မပြည့်မစုံဖြင့် နောက်ကျန်ရစ်သည်မှာ မိဒီယံတို့ နောက်ကျန်ရစ် သကဲ့သို့ ဖြစ်၏၊ |
| ၉၆။ | **وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ۞**<br>ငါသည် ရှင်းလင်းထင်ရှားသော အခွင့်အာဏာနှင့် ငါ၏ သုတ်ဒေသနာများအားဖြင့် မူဆာကို မုချ စေပို့ခဲ့သည်မှာ– |
| ၉၇။ | **إِلَى فِرْعَوْنَ وَمَلَئِهِ فَاتَّبَعُواْ أَمْرَ فِرْعَوْنَ وَمَا أَمْرُ فِرْعَوْنَ بِرَشِيدٍ۞** |

(၁၄၈) ကျမ်းတော်တွင် လွတ်လပ်စွာ အယူအဆ ကွဲပြားမှုကို လူများတရားနိုင် စနစ်ဖြင့် မတော်မတရား အနိုင်ကျင့်သော လူမျိုးတိုင်းသည် ပျက်စီးတိမ်ကောသွားရသည်ကို မကြာခဏ ဥပမာပေး တင်ပြပေသည်။

| | |
|---|---|
| | ဖာရိုးနှင့် သူ့အကြံပေးများ ထံသို့ ဖြစ်၏။ သူတို့သည် ဖာရိုး၏ ညွှန်ကြားချက်ကိုသာ လိုက်နာကြ၏၊ ဖာရိုး၏ ညွှန်ကြားချက်သည် ဖြောင့်မတ်မှန်ကန်မှု မရှိချေ။ |
| ၉၈။ | **يَقْدُمُ قَوْمَهُ يَوْمَ الْقِيَامَةِ فَأَوْرَدَهُمُ النَّارَ وَبِئْسَ الْوِرْدُ الْمَوْرُودُ** ۞<br>သူသည် သူ့လူမျိုးအား စုံရပ်ရမည့် ရပ်တည်ရသော နေ့၌ ရဲနေသည့် အမင်္ဂလာ မီး ရဲရဲထဲ၌ မီးခဲရဲရဲဖြစ်စေလတ္တံ့။ |
| ၉၉။ | **وَأُتْبِعُواْ فِي هَذِهِ لَعْنَةً وَيَوْمَ الْقِيَامَةِ بِئْسَ الرِّفْدُ الْمَرْفُودُ** ۞<br>မေတ္တာမဲ့ခံရမှုသည် ဤ၌၊ ရပ်တည်ရသော နေ့ကာလ၌ သူတို့နောက်သို့ လိုက်နေ၏၊ အမင်္ဂလာ လက်ဆောင်ကိုသာ လက်ဆောင်ပေးခံရလတ္တံ့။ |
| ၁၀၀။ | **ذَلِكَ مِنْ أَنبَاء الْقُرَى نَقُصُّهُ عَلَيْكَ مِنْهَا قَآئِمٌ وَحَصِيدٌ** ۞<br>ဤသည် သင့်အား ဖေါ်ပြပေးသည့်၊ မြဲနေသေးသော၊ ရိတ်သိမ်းကြိတ်နယ်ပြီးသော အရပ်ဒေသတို့၏ သတင်းပင်တည်း။ |
| ၁၀၁။ | **وَمَا ظَلَمْنَاهُمْ وَلَكِن ظَلَمُواْ أَنفُسَهُمْ فَمَا أَغْنَتْ عَنْهُمْ آلِهَتُهُمُ الَّتِي يَدْعُونَ مِن دُونِ اللّهِ مِن شَيْءٍ لِّمَّا جَاء أَمْرُ رَبِّكَ وَمَا زَادُوهُمْ غَيْرَ تَتْبِيبٍ** ۞<br>ငါသည် သူတို့အား အမိုက်သင့်စေသည်မဟုတ်၊ သူတို့စရိုက်ကိုသာ သူတို့ မိုက်ကြေးခွဲကြ၏။ သင့်ကံကြမ္မာရှင်၏ ထံမှ ညွှန်ကြားချက် ရောက်ရှိလာစဉ်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သူတို့ ဆုတောင်းခဲ့သော ဘုရားများသည် သူတို့အတွက် တစ်စုံတစ်ရာ ပြည့်စုံစေခြင်း မရှိချေ။ သူတို့အတွက် ပျက်စီးဆုံးရှုံးခြင်းမှအပ အခြားကိုသာ တိုးပွားစေ၏။ |
| ၁၀၂။ | **وَكَذَلِكَ أَخْذُ رَبِّكَ إِذَا أَخَذَ الْقُرَى وَهِيَ ظَالِمَةٌ إِنَّ أَخْذَهُ أَلِيمٌ شَدِيدٌ** ۞<br>ဤသို့ အရပ်ဒေသများသည် အယူမှားလျှက် အမိုက်စီးနေစဉ်တွင် သင်၏ကံကြမ္မာရှင်က အရေးယူတော်မူ၏၊ ကေန်ပင် အရှင်၏ အရေးယူခြင်းသည် ပြင်းထန်စူးနစ်လှပေ၏။ |
| ၁၀၃။<br>နောင်<br>ဘဝ | **إِنَّ فِي ذَلِكَ لآيَةً لِّمَنْ خَافَ عَذَابَ الآخِرَةِ ذَلِكَ يَوْمٌ مَّجْمُوعٌ لَّهُ النَّاسُ وَذَلِكَ يَوْمٌ مَّشْهُودٌ** ۞<br>ကေန်ပင် ဤ၌၊ နောင်ဘဝ၏ ဝဋ်ကြွေးအား စိုးရိမ်တတ်သူတို့အဘို့ သက်သေလက္ခဏာရပ် ရှိနေ၏။ **ယင်းသည်** လူသားတို့အား အတူစုစေသည့် နေ့ကာလဖြစ်၏၊ **ယင်းသည်** မျက်မှောက်သက်သေပြုရသော နေ့ကာလဖြစ်၏။ |
| ၁၀၄။<br>နောင်<br>ဘဝ | **وَمَا نُؤَخِّرُهُ إِلاَّ لِأَجَلٍ مَّعْدُودٍ** ۞<br>ငါအရှင်သည် **၎င်းကို** တွက်ချက်၍ အချိန် နောက်ဆုတ်ထားတော်မူ၏။ |
| ၁၀၅။ | **يَوْمَ يَأْتِ لاَ تَكَلَّمُ نَفْسٌ إِلاَّ بِإِذْنِهِ فَمِنْهُمْ شَقِيٌّ وَسَعِيدٌ** ۞<br>ထို ရောက်လာမည့် နေ့ကာလ၌ မည်သည့် ဉာဉ်စရိုက်သည်မှ အရှင်၏ ခွင့်ပြုချက် မရှိဘဲ ပြောဆိုပိုင်ခွင့် မရှိ၊ သူတို့အနက် ကံဆိုးရသူ၊ စိတ်ပျော်သူများ ရှိလတ္တံ့။ |
| ၁၀၆။ | **فَأَمَّا الَّذِينَ شَقُواْ فَفِي النَّارِ لَهُمْ فِيهَا زَفِيرٌ وَشَهِيقٌ** ۞<br>ကံဆိုးရသောသူများမှာမူ အပူမီးထဲသို့ ဖြစ်၍၊ ထိုသူတို့အတွက် ယင်း၌ ညီးတွားရခြင်း၊ ငိုကြွေးရခြင်းတို့ ရှိ၏။ |
| ၁၀၇။<br>၆း၁၂၈ | **خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالأَرْضُ إِلاَّ مَا شَاء رَبُّكَ إِنَّ رَبَّكَ فَعَّالٌ لِّمَا يُرِيدُ** ۞<br>သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်ရာမှ အပ၊ သူတို့သည် ထို၌ မိုးများနှင့် မြေ တည်ရှိသမျှ ကာလမဲ့ခံစားရလတ္တံ့။ သင့်ကြမ္မာရှင်သည် အလိုတော်ရှိသည်ကို စီမံသော အရှင် ဖြစ်၏။[၁၄၉] |

---

(၁၄၉) အစ္စလာမ်သာသနာက ထောက်ပြသော အပူမီး သို့မဟုတ်၊ ငရဲ သည် ထာဝရ ခံစားရနေရသည့် ဘုံ မဟုတ်ကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။ မိုးများနှင့် မြေကမ္ဘာ တည်ရှိမှုသည် ကာလပိုင်းခြား သတ်မှတ်မှုရှိကြောင်း ကျမ်းတော်တွင် မြောက်များစွာ ပြောထား

| | |
|---|---|
| ၁၀၈။ | **وَأَمَّا الَّذِينَ سُعِدُواْ فَفِي الْجَنَّةِ خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالأَرْضُ إِلاَّ مَا شَاء رَبُّكَ عَطَاء غَيْرَ مَجْذُوذٍ ۞**<br>စိတ်ပျော်ရသောသူတို့အတွက်မူ သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်သည့် အလျှောက်သာ သုခဘုံ၌ ကာလမဲ့စံစားရလျက် ထိုဌ် မိုးများနှင့် မြေ တည်ရှိသမျှ စံစားရ၍၊ မချိုးဖျက်ခံရသော လက်ဆောင်သည် ရှိလတ္တံ့။ |
| ၁၀၉။<br><br>နစ်နာမှု | **فَلاَ تَكُ فِي مِرْيَةٍ مِّمَّا يَعْبُدُ هَؤُلاء مَا يَعْبُدُونَ إِلاَّ كَمَا يَعْبُدُ آبَاؤُهُم مِّن قَبْلُ وَإِنَّا لَمُوَفُّوهُمْ نَصِيبَهُمْ غَيْرَ مَنقُوصٍ ۞**<br>သင်သည် ထိုသူများ ကိုးကွယ်သည့် အရာများကြောင့် အချင်းမများကြနှင့်၊ သူတို့သည် သူတို့၏ ရှေ့က မိရိုးဖလာ ကိုးကွယ်ခြင်းကိုသာ ကိုးကွယ်နေကြ၏။ ငါသည် သူတို့ရထိုက်သော ပင်ပန်းရကျိုးကို မလျှော့မပေါ့ ပြီးပြည့်စေလတ္တံ့။ |
| ၁၁၀။ | **وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَاخْتُلِفَ فِيهِ وَلَوْلاَ كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ وَإِنَّهُمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ ۞**<br>ငါသည် မူဆာအား ကျမ်းတော်တစ်ဆူ ပေးအပ်တော်မူရာ၊ သူတို့သည် ၎င်း၌ သဘောထားကွဲကြ၏။ သင့်ကံကြမ္မာရှင် ထံမှ **ဓမ္မတော်** သတ်မှတ်ပြီး မဟုတ်ခဲ့လျှင်၊ သူတို့ကြား၌ ဆုံးဖြတ်ပြီး ဖြစ်လတ္တံ့။ ကေန်ပင် သူတို့သည် ဒွိဟဖြစ်၏၊ ထို၌ သံသယရှိ၏၊ |
| ၁၁၁။ | **وَإِنَّ كُلاًّ لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ أَعْمَالَهُمْ إِنَّهُ بِمَا يَعْمَلُونَ خَبِيرٌ ۞**<br>ကေန်ပင်၊ သင့်ကံကြမ္မာရှင်သည် သူတို့၏ ကျင့်ကြံမှု ကိုယ်စီအား ပြီးပြည့်စေလတ္တံ့၊ အရှင်သည် ကျင့်ကြံသမျှကို သတင်းသိနေတော်မူ၏။ |
| ၁၁၂။ | **فَاسْتَقِمْ كَمَا أُمِرْتَ وَمَن تَابَ مَعَكَ وَلاَ تَطْغَوْاْ إِنَّهُ بِمَا تَعْمَلُونَ بَصِيرٌ ۞**<br>သင်နှင့်အတူ ခဝါချသူများအား သင့်ကို ညွှန်ကြားသည့်အတိုင်း ရပ်တည်စေလော့။ စည်းမဖျက်ကြလင့်၊ အရှင်သည် ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။ |
| ၁၁၃။ | **وَلاَ تَرْكَنُواْ إِلَى الَّذِينَ ظَلَمُواْ فَتَمَسَّكُمُ النَّارُ وَمَا لَكُم مِّن دُونِ اللّهِ مِنْ أَوْلِيَاء ثُمَّ لاَ تُنصَرُونَ ۞**<br>သင်တို့အား အပူမီး ထိသက်အံ့ငှာ၊ မိုက်ကြေးခွဲသောသူများ၏ ဘက်သို့ မယိမ်းညွှတ်နှင့်၊ ပရမတ်ဘုရားရှင် မှလွဲ၍ သင်တို့ အတွက် မဟာမိတ် မရှိချေ။ ကူညီနိုင်သူလည်း မရှိချေ။ |
| ၁၁၄။<br><br>✡ ၂း၃ | **وَأَقِمِ الصَّلاَةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ اللَّيْلِ إِنَّ الْحَسَنَاتِ يُذْهِبْنَ السَّيِّئَاتِ ذَلِكَ ذِكْرَى لِلذَّاكِرِينَ ۞**<br>သင်တို့သည် နေ့၏ မျက်ခြည်ဆုံးချိန်များ၌၊ ညသို့ ချဉ်းကပ်ချိန်၌ မေတ္တာဓိဌာန်✡ မြဲကြလော့၊ ကေန်ပင် သုမင်္ဂလာ သည် အကုသိုလ်များကို သိမ်းယူပစ်၏။ ဤသည် သတိရရှုမှတ်သူတို့အဘို့ သတိပေးတရားတော် ဖြစ်၏။ |
| ၁၁၅။ | **وَاصْبِرْ فَإِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ ۞**<br>သည်းခံပါရမီ ရှိကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကုသိုလ်မှုပြုသူတို့၏ ဆုလာဒ်ကို အလဟဿ မဖြစ်စေပေ။ |
| ၁၁၆။ | **فَلَوْلاَ كَانَ مِنَ الْقُرُونِ مِن قَبْلِكُمْ أُوْلُواْ بَقِيَّةٍ يَنْهَوْنَ عَنِ الْفَسَادِ فِي الأَرْضِ إِلاَّ قَلِيلاً مِّمَّنْ أَنجَيْنَا مِنْهُمْ وَاتَّبَعَ الَّذِينَ ظَلَمُواْ مَا أُتْرِفُواْ فِيهِ وَكَانُواْ مُجْرِمِينَ ۞** |

---

ပေသည်။ သုခဘုံနှင့် ငရဲဘုံသည် သတ္တဝါတို့၏ နောက်ဆုံးချုပ်ငြိမ်းရာ မဟုတ်ချေ။ နောက်ဆုံးချုပ်ငြိမ်းမှုမှာ ပရမတ်ဘုရားရှင်ထံသို့ ပေါင်းဆုံခြင်းသာ ဖြစ်သည်ဟု ကျမ်းတော်က ဆိုပေသည်။ ကာလမဲ့ အချိန်သည်မှာ Out of Time and Sapce ကို ဆိုခြင်းဖြစ်သည်၊ ၂း၃၉ တွင် ကြည့်ပါ။

| | |
|---|---|
| | သင်တို မတိုင်မီ မျိုးဆက် ဖြစ်သူများ အနက်၊ ကမ္ဘာမြေ၌ အဖျက်လုပ်ရပ် မကြံစည်ဘို့ရာ ဟန့်တားသည့် ပညာရှိများ ရှိခဲ့၏၊ သူတို့မှ အနည်းစုကို ငါအရှင် လွတ်မြောက်စေခဲ့ပြီ။ မိုက်ကြေးခွဲသောသူများသည်ကား စည်းဇိမ်ယစ်မှုများကို လိုက်နေကြ၏။ သူတို့သည် ရာဇဝတ်ကောင်များပင် ဖြစ်ကြ၏။ |
| ၁၁၇။<br>အမိုက်သင့် | **وَمَا كَانَ رَبُّكَ لِيُهْلِكَ الْقُرَى بِظُلْمٍ وَأَهْلُهَا مُصْلِحُونَ** ۝<br>သင်၏ ကံကြမ္မာရှင်သည် အရပ်ဒေသသားများ ပြုပြင်ပြောင်းလဲနေစဉ် **အဝိဇ္ဇာသင့်** တိမ်ကောစေသည် ဟူ၍ မရှိချေ။ |
| ၁၁၈။ | **وَلَوْ شَاء رَبُّكَ لَجَعَلَ النَّاسَ أُمَّةً وَاحِدَةً وَلاَ يَزَالُونَ مُخْتَلِفِينَ** ۝<br>သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်ခဲ့လျှင်၊ လူသားတို့အား အသိုင်းအဝိုင်း တစ်ခုတည်းအဖြစ် စီစဉ်ပြီးလတ္တံ့။ သို့သော် မရပ်မနား ငြင်းခုံကွဲလွဲနေကြသည်မှာ– |
| ၁၁၉။<br>✡ ၆း၁၀၀ | **إِلاَّ مَن رَّحِمَ رَبُّكَ وَلِذَلِكَ خَلَقَهُمْ وَتَمَّتْ كَلِمَةُ رَبِّكَ لأَمْلأَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ أَجْمَعِينَ** ۝<br>သင့်ကံကြမ္မာရှင်၏ ကရုဏာသက်သူတို့မှ အပ ဖြစ်၏၊ ထိုအကြောင်းကြောင့် သူတို့အား ဖြစ်တည်စေ၍ "လူသားနှင့် ပုတုဇဉ်များအား✡ ငရဲဘုံ၌ အားလုံးအတူ ဖြည့်ပစ်မည်"ဟူသည့် သင့်ကံကြမ္မာရှင်၏ ဓမ္မတော်သည် ပြည့်စုံစေလတ္တံ့။ |
| ၁၂၀။ | **وَكُـلاًّ نَّقُصُّ عَلَيْكَ مِنْ أَنبَاء الرُّسُلِ مَا نُثَبِّتُ بِهِ فُؤَادَكَ وَجَاءكَ فِي هَذِهِ الْحَقُّ وَمَوْعِظَةٌ وَذِكْرَى لِلْمُؤْمِنِينَ** ۝<br>သင့်အား ဉာဏ်စဉ်ဆောင်များ၏ သတင်း ကိုယ်စီအား ဖော်ပြပေးခြင်းမှာ စိတ်နှလုံး ရပ်တည်ချက်ခိုင်မာစေရန် ဖြစ်၏။ သင့်ထံသို့ ဤအမှန်တရားများ ရောက်လာစေပြီ။ ယင်းသည် ယုံကြည်သူများအတွက် အဆုံးအမနှင့် သတိပေး တရားတော် ဖြစ်၏။ |
| ၁၂၁။ | **وَقُل لِّلَّذِينَ لاَ يُؤْمِنُونَ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنَّا عَامِلُونَ** ۝<br>မယုံကြည်သောသူတို့အား ဟောလော့"သင်တို့ နေသားကျပြီးအတိုင်း ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံနေ၏– |
| ၁၂၂။ | **وَانتَظِرُوا إِنَّا مُنتَظِرُونَ** ۝<br>–စောင့်ကြည့်နေကြလော့၊ ကျွန်ုပ်တို့လည်း စောင့်ကြည့်နေသူများ ဖြစ်၏၊" |
| ၁၂၃။ | **وَلِلّهِ غَيْبُ السَّمَاوَاتِ وَالأَرْضِ وَإِلَيْهِ يُرْجَعُ الأَمْرُ كُلُّهُ فَاعْبُدْهُ وَتَوَكَّلْ عَلَيْهِ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ** ۝<br>မိုးများနှင့် မြေကမ္ဘာအတွင်း စကြ္ခုလွှန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာထဲ၌ ရှိ၏။ အရှင့်ထံသို့သာ ဦးလှည့် ရမည် ဖြစ်၍၊ ညွှန်ကြားချက် အားလုံးသည် အရှင့်ထံမှ ဖြစ်၏။ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ ကိုးစားကြလော့၊ သင်၏ ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှအား မေ့လျော့ထားသည် မဟုတ်ပေ။ |